ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 4 May 2024 ၁၁၄၄၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## ယခုပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက် အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်

**နေပြည်တော် မေ ၃**

၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်နှင့် ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များ အသင်းမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာ**

**လင်းလက်ကြယ်များတောက်ပဖို့ စာကြည့်တိုက်ဆီ သွားကြစို့**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၂၄၀ နှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ ၃၇ ဦးရှိ**

စာမျက်နှာ » ၁၇

ကြေးမုံ

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တွန်းအားပေးဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက တွန်းအားပေးဆောင်ရွက်ခဲ့သည်။ ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် လိုအပ်သည့် ကုန်ပစ္စည်းများ တင်သွင်းနိုင်ရေး နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များတိုးတက်အောင် ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပြီး ပိုလျှံသည်များကို ပြည်ပပို့ကုန်များအဖြစ် တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ရေးကဏ္ဍ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပြီး အဆိုပါလုပ်ငန်းများကိုအခြေခံ၍ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ တိုးတက်ထွက်ရှိမှသာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ လည်ပတ်ကောင်းမွန်လာပြီး ဘဏ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း လည်ပတ်ကောင်းမွန်လာမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေခံကောင်းမွန်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်ရန်လိုအပ်သည်။ ပြီးခဲ့သည့်ကာလအတွင်း ဒေသအချို့၌ လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ခဲ့ရပြီး လုပ်ငန်းများပျက်ပြားကာ ဒေသထုတ်ကုန်များ အထွက်လျော့ကျခဲ့သည်။ အလားတူ မွေးမြူရေးလုပ်ငန်းများလည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျော့နည်းကျဆင်းလာသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်မှသာ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများလည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်လာအောင်ဆောင်ရွက်ပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီသော အဆင့်မီထုတ်ကုန်များ ထုတ်လုပ်ကြရန်လိုအပ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ကြုံတွေ့ခဲ့ရသည်များကို သင်ခန်းစာယူကာ လာမည့်ဘဏ္ဍာနှစ်တွင် ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ကာ တစ်ဦးချင်းဝင်ငွေတိုးတက်စေရန် ရည်ရွယ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရက ကူညီပံ့ပိုးပေးမှုများနှင့်အတူ သီးနှံများကို စိုက်ပျိုးထုတ်လုပ်ကြရာတွင် မျိုးကောင်း၊ မျိုးသန့်သုံးစွဲရေး၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများ ထည့်သွင်းမှုမှန်ကန်ရေးနှင့် စိုက်ပျိုးရိတ်သိမ်းရာတွင် စက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြုဆောင်ရွက်နိုင်ရေး၊ နွေစပါးနှင့် နွေသီးနှံများ လျာထားချက်စိုက်ဧကပြည့်မီရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လာမည့်ကာလတွင် မိုးရာသီကာလကို ရောက်ရှိတော့မည်ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ နွေစပါးနှင့် နွေသီးနှံများကို ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့ကြသည့်နည်းတူ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကိုလည်း တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်လာမှသာ ပြည်တွင်းစားသုံးဆီဖူလုံပြီး ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ထို့အပြင် ချည်မျှင်ရှည်ဝါသီးနှံကို မိုးကြို၊ မိုးနှောင်းရာသီအလိုက် လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးရန်နှင့် ဝါသီးနှံများ အထွက်နှုန်းတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာနယ်ပယ်များနှင့် တောင်သူများက လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

ကမ္ဘာ့ကြက်ခြေနီနေ့

World Red Cross Day

"လူသားချင်းစာနာမှု အစဉ်ရှင်သန်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး"

"Keeping Humanity Alive"

၂၀၂၄ ခုနှစ်၊ မေလ (၈) ရက်

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူရှိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃-၅-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၁၃ | ၁၁၄,၉၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၅,၇၀၀ | ၁၆,၂၄၇,၅၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၈,၇၇၇ | ၁၃,၁၇၇,၁၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၀ | ၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၂,၀၅၀ | ၂,၀၅၀ | ၂,၉၁၇ | ၅,၉၇၉,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ မြန်မာ့ပုလဲများ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာ ပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ အခမ်းအနားကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်း အား ကြည့်ရှုစဉ်။

❍ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အခမ်းအနား တက်ရောက် လာကြသူများသည် မြန်မာ့ပုလဲ များ ထုတ်လုပ်မှုနှင့် ရောင်းချနိုင်မှု၊ ကျောက်မျက်ရတနာပစ္စည်းများ ထုတ်လုပ်မှုနှင့် ၂၀၂၄ ခုနှစ် (၅၉) ကြိမ်မြောက်မြန်မာ့ကျောက်မျက် ရတနာပြပွဲ အခမ်းအနားကျင်းပ နိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းအား ကြည့်ရှုကြ သည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်း အနား တက်ရောက်လာကြသူများ သည် ၂၀၂၄ ခုနှစ် (၅၉) ကြိမ် မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ ရောင်းချရန် မဏိ ရတနာ ကျောက်စိမ်းခန်းမအတွင်း ပြသထားသော ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ပုလဲ အတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ ၏ ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

## ကြည့်ရှုအားပေး

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် ပုဂ္ဂလိက ကျောက်မျက် ရတနာ အရောင်းဆိုင် အရောင်း ပြခန်းများ ဖွင့်လှစ်ရောင်းချနေမှု ကို လိုက်လံကြည့်ရှုအားပေးပြီး ခန်းမအပြင်ဘက်တွင် ခင်းကျင်း ပြသထားသည့် ကျောက်စိမ်းရိုင်း အတွဲများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

## ရောင်းချပေးသွားမည်

နိုင်ငံတော်အတွက် နိုင်ငံခြား ဝင်ငွေရရှိရန်နှင့် နိုင်ငံသားများ အတွက် စီးပွားရေး အကျိုးဖြစ် ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော် ထုတ်လုပ်ထားသည့် ကျောက်မျက် ရတနာများ ကို ရောင်းချနိုင်မည့် မြန်မာ့ ကျောက်မျက် ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ပြီး ယခုပြပွဲတွင် ပုလဲအတွဲပေါင်း



၄၀၀၊ ကျောက်မျက် အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့် တင်ဒါစနစ်ဖြင့် စည်းမျည်း စည်းကမ်း သတ်မှတ်ချက်များနှင့် အညီ ရောင်းချပေးသွားမည်ဖြစ် သည်။ ပုလဲအတွဲ၊ ကျောက်မျက် အတွဲ၊ (A)နှင့်(B)အုပ်စုမှ ကျောက် စိမ်းအတွဲများ ရောင်းချရာတွင် အခြေခံဈေးကို အမေရိကန် ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး (C)အုပ်စုမှ ကျောက်စိမ်းအတွဲများ အတွက် အခြေခံဈေးကို မြန်မာ ကျပ်ငွေဖြင့် သတ်မှတ်ထား၍ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A)နှင့် (B)အုပ်စုမှ ကျောက်စိမ်း အတွဲများအတွက် အာမခံစပေါ်ငွေ ကို ပြည်ပရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာ အပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်း ဘတ်ငွေတို့ဖြင့် ပေးသွင်းနိုင်ပြီး ပြည်တွင်း ရတနာကုန်သည်များ က မြန်မာကျပ်ငွေဖြင့် ပေးသွင်း နိုင်ကာ ပြည်တွင်းရတနာ ကုန်သည်များသာ ဝယ်ယူခွင့်ရှိ သည့် (C)အုပ်စုမှ ကျောက်စိမ်း အတွဲများအတွက် အာမခံစပေါ်ငွေ ကို မြန်မာကျပ်ငွေဖြင့် ပေးသွင်း နိုင်မည်ဖြစ်သည်။

စာမျက်နှာ ၄ သို့ ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ရောင်းချရန် ပြသထားသော ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

- ❖ **ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A)နှင့်(B)အုပ်စုမှ ကျောက်စိမ်းအတွဲများ ရောင်းချရာတွင် အခြေခံဈေး ကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားရှိပြီး (C) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေး ကို မြန်မာကျပ်ငွေဖြင့် သတ်မှတ်ထား၍ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A) နှင့် (B) အုပ်စုမှကျောက်စိမ်း အတွဲများအတွက် အာမခံစပေါ်ငွေကို ပြည်ပရတနာ ကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေတို့ဖြင့် ပေးသွင်းနိုင်ပြီး ပြည်တွင်းရတနာ ကုန်သည်များက မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်**
- ❖ **ပြည်တွင်းရတနာ ကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် (C) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အာမခံ စပေါ်ငွေကို မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်မည်**

ဝ စာမျက်နှာ ၃ မှ

ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် (A) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေကို အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသော ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေများဖြင့် ပေးချေရမည်ဖြစ်ပြီး ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (B) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသော ပြည်ပရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော ယူရိုငွေ၊ ထိုင်းဘတ်ငွေ၊ ယွမ်ငွေများဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်လည်းကောင်း တန်ဖိုးငွေကို ပေးချေရမည်ဖြစ်သည်။ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ပြည်တွင်း ရတနာကုန်သည်များသာ ဝယ်ယူခွင့်ရမည်ဖြစ်ပြီး တန်ဖိုးငွေကို မြန်မာကျပ်ငွေဖြင့် ပေးချေရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချပေးသွားမည်ဖြစ်ပြီး ယခုကျင်းပပြုလုပ်သည့် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂ္ဂလိက ကျောက်မျက်ရတနာ အချောထည် အရောင်းပြခန်းများ ဖွင့်လှစ် ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်တွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းရိုင်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့စတင်ကျင်းပ

**နေပြည်တော် မေ ၃**

၂၀၂၄ ခုနှစ် (၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မေ ၄ ရက်တွင် ရောင်းချမည့် ပုလဲအတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀၊ (A) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၀၀၀၊ (B) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၇၅၀ နှင့် (C) အုပ်စုမှ ကျောက်စိမ်းအတွဲ ၁၈၀၀ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို မေ ၃ ရက်တွင် စတင်ခင်းကျင်းပြသပြီး မေ ၄ ရက်နှင့် ၅ ရက်တို့တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲများကို မေ ၃ ရက်မှ ၅ ရက်အထိ ခင်းကျင်းပြသပြီး မေ ၆ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ (A) နှင့် (B)အုပ်စုမှ ကျောက်စိမ်းအတွဲများကို မေ ၃ ရက်မှ ၆ ရက်အထိ ခင်းကျင်းပြသပြီး မေ ၇ ရက်မှ ၉ ရက်အထိလည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို မေ ၃ ရက်မှ ၁၀ ရက်အထိ ခင်းကျင်းပြသပြီး မေ ၁၁ ရက်မှ ၁၂ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုပြပွဲတွင် ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A)နှင့် (B)အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အခြေခံဈေးကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း သတ်မှတ်ထားပြီး ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (A)နှင့် (B) အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် အာမခံစပေါ်ငွေကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိသည့် (C)အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြပွဲတွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် (A)အုပ်စုမှ ကျောက်စိမ်းအတွဲများအတွက် တန်ဖိုးငွေကို အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့် ညီမျှသည့် ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပုလဲအတွဲ၊ ကျောက်မျက်အတွဲ၊ (B) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာအပြင် အမေရိကန်ဒေါ်လာနှင့်ညီမျှသည့် မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ (C) အုပ်စုမှ ကျောက်စိမ်းအတွဲများကို ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရရှိမည်ဖြစ်ပြီး တန်ဖိုးငွေကို မြန်မာကျပ်ငွေဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ကြောင်း သိရသည်။




(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုင်ငံတော်အတွက် နိုင်ငံခြားငွေတိုးတက်ရရှိစေရေး၊ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကောင်းမွန်စေရေး၊ ပြည်တွင်း၌ ပုလဲများရောင်းချခြင်းအားဖြင့် နိုင်ငံသားပုလဲကုန်သည်များ ငွေကြေးစီးဆင်းမှု ကောင်းမွန်စေရေးနှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိစေရေးတို့အတွက် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိနိုင်စေရန်အတွက် တူးဖော်ထုတ်လုပ်ထားသည့် ကျောက်မျက်ရတနာများကို ရောင်းချနိုင်မည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ အောင်မြင်စွာကျင်းပခဲ့ရာ ယခုကျင်းပပြုလုပ်သည့် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၃ ရက်မှ ၁၂ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံလေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေးနိုင်ခဲ့

နေပြည်တော် မေ ၃

မြန်မာနှင့်ထိုင်း လေတပ်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul ၏ ဖိတ်ကြားချက်အရ ဧပြီ ၃၀ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေ ခရီးသွားရောက်ခဲ့ပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ လေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။



မေ ၁ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(လေ) အား ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုခဲ့ကြရာ ကာကွယ်ရေးဦးစီးချုပ်(လေ)က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့ပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခြင်း၊ ထိုင်းဘုရင့်လေတပ်မတော်အား စတင်တည်ထောင်သူ Field Marshal Prince Chakrabongse ၏ ရုပ်တုရှေ့တွင် ဂုဏ်ပြုပန်းခွေချခြင်း၊ ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ ထိုင်းဘုရင့်လေတပ်ဌာနချုပ် ဧည့်ခန်းမတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့် တွေ့ဆုံ ဆွေးနွေးခြင်းများဆောင်ရွက်ပြီး နှစ်နိုင်ငံ လေတပ်အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် လဲလှယ် ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ထိုင်းဘုရင့်လေတပ်ဌာနချုပ် Conference Room တွင် တပ်မတော်(လေ)နှင့် ထိုင်းဘုရင့်လေတပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။

ယင်းနောက် Air War College သို့ သွားရောက်ပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခြင်း၊ Air War College ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် Air War College တာဝန်ရှိသူတစ်ဦးက Air War College ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ ရည်မှန်းချက်တာဝန်၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားမှုနည်းစနစ်များ၊ အပြန်အလှန်ဆွေးနွေးမှုများ၊ Academic ဆွေးနွေးပွဲများ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးစဉ်များ၊ သင်တန်းသားအရည်အချင်း သတ်မှတ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြသမှုများအပေါ် ကြည့်ရှုလေ့လာ၍ အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး သင်တန်းသား အရာရှိကြီးများ၏ National Security လက်တွေ့ လေ့ကျင့်ခန်း Practice Negotiating ပြုလုပ်နေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ရေအောက်ကမ္ဘာ–Sea Life Paragon Department Store သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

မေ ၂ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ)ကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓရွှေဆင်းတုတော် Wat Traimit Wittayaram Worawihan ဘုရား၊ ရှေးဟောင်းသမိုင်းဝင် အာရုဏ် Wat Arun ဘုရားနှင့် ရှေးဟောင်းသမိုင်းဝင် လျောင်းတော်မူ ဝပ်ဖို Wat Pho ဘုရားများသို့ သွားရောက်ဖူးမြော်၍ တော်ဝင်ရေတပ်သင်္ဘောပြတိုက် (Royal Barge Museum )ကို လေ့လာကြည့်ရှုခဲ့ကြသည်။

မေ ၃ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော တပ်မတော်(လေ) ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

တပ်မတော်(လေ)က ၂၀၂၄ ခုနှစ် အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သင်တန်းစခန်း ၁၇ ခုတွင် စုစုပေါင်းသင်တန်းသား ၈၅၀ ဖြင့် ဧပြီ ၂၂ ရက်မှစတင်၍ ဖွင့်လှစ်လျက်ရှိသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ်တွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)(ရန်ကုန်သင်တန်းစခန်း)နှင့် မှော်ဘီလေတပ်စခန်းတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၄) (မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း)များသို့ သွားရောက်ခဲ့ပြီး သင်တန်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများ သင်ခန်းစာပို့ချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၃

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ နေပြည်တော်စခန်းတန်းခွဲ(၁) ရေကြောင်းလူငယ်စခန်းတွင် လှေလှော်ရွက်တိုက် ဘာသာရပ်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်း လူငယ်စခန်းတွင် ရေတပ်အချက်ပြဆက်သွယ်ရေး ဘာသာရပ်ကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် စစ်ရေးပြဘာသာရပ်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သားဘာသာရပ်ကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် အခြေခံရေတပ်သား ဘာသာရပ်ကိုလည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းတွင် ရေကြောင်းလမ်းညွှန်ဘာသာရပ်ကိုလည်းကောင်း တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျွန်းစုမြို့နယ် တနင်္သာရီရေတပ်စခန်းဌာနချုပ်ရှိ သင်တန်းသားများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက သင်တန်းလေ့ကျင့်သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# လင်းလက်ကြယ်များတောက်ပဖို့ စာကြည့်တိုက်ဆီ သွားကြစို့

**လင်းနိုင်**

**တနင်္ဂနွေရုံးပိတ်ရက်ဖြစ်ခြင်းကြောင့် နံနက်စောစောခြံထဲမှ သစ်ရွက်အမှိုက်များလှဲကျင်းပြီး ပန်းပင်၊ သီးပင်များရေလောင်းနေစဉ် သတင်းစာလာပို့သည့်ဆိုင်ကယ်သံ ကြားလိုက်သည်နှင့် ကိုယ်တိုင်ပင် ခြံဝထွက်ကာ သတင်းစာယူလိုက်ပါသည်။ အခြားနေ့တွေကတော့ သတင်းစာထည့်မည့် ပလတ်စတစ်ဘူးလေးထဲ ထည့်ခဲ့ခြင်းကြောင့် သတင်းစာဖတ်ဖို့ယူလိုက်တိုင်း သတင်းစာအလိပ်ကလေးကို ဆန့်အောင် အတော်ဖြန့်ရသည်။ ဒီနေ့တော့ သတင်းစာကို ပျော့ပျော့ပြောင်းပြောင်း ကိုင်ဖတ်ရတာကြောင့် ကိုင်ရဖတ်ရအတော်ကို အဆင်ပြေသည်။**

နွေနေ့ရက်များ၏ ဒီရက်ပိုင်း အပူချိန်က မြန်မာနိုင်ငံ၏ မြို့ကြီးအတော်များများမှာ သိသိသာသာကို အပူချိန်တိုးလို့နေသည်။ မိုးလေဝသ သတင်းတိုလေးတွေကို ရှာဖတ်ကြည့်လိုက်တော့ အချိန်အခါမဟုတ် မိုးရွာမည်ဆိုပြီး High Light ထုတ်ဖော်ပြထားတာလေး တွေ့မိသည်။ ရွာတာ မရွာတာ အသာထားဦး ဖတ်ရှုလိုက်မိသည်နှင့် အပူချိန်တွေ လျော့သွားသလားပင် ထင်လိုက်ရသည်။ နောက်ထပ် သတိထားမိတဲ့ သတင်းက ၂၀၂၃-၂၀၂၄ လူရည်ချွန်မောင်မယ်များ၏ ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းများသို့ ရောက်ရှိကာ စခန်းချနေထိုင်ပြီး ဒေသန္တရဗဟုသုတများ လေ့လာခြင်း၊ အပန်းဖြေခြင်းတို့ ပြုလုပ်လျက်ရှိသလို သက်ဆိုင်ရာ ဒေသအသီးသီးမှ တာဝန်ရှိသူများကလည်း အနီးကပ်ကြီးကြပ်ပြီး ခရီးစဉ်ချောမွေ့အဆင်ပြေရန် ဆောင်ရွက်ပေးနေသည်ကို ဖတ်ရှုလိုက်ရသည်။ ဖတ်ရှုရသည့် မိမိကိုယ်တိုင် ကလေးများအတွက် ဂုဏ်ယူစွာ ပီတိဖြစ်ရသလို လူရည်ချွန်မောင်မယ်များကိုယ်တိုင်ရော၊ မိဘများရော၊ ကလေးများကို သင်ကြားပြသပေးနေသည့် ဆရာ ဆရာမများအပြင် ဆွေရော မျိုးရော မိတ်ဆွေပါမကျန် ဂုဏ်ယူမဆုံး တပြုံးပြုံး ဖြစ်နေကြမည်ဟုလည်း ယုံကြည်မိသည်။



စာကြည့်တိုက်အတွင်း ကျောင်းသူများ ကြည့်ရှုလေ့လာနေစဉ်။

## စာကြည့်တိုက်များတွင် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိ

နွေနေပူမှာ မိုးရွာမည့်သတင်းက အေးချမ်းခြင်းကို ဆောင်ကြဉ်းပေးသကဲ့သို့ ဧပြီလ ၂၂ ရက်နေ့က ပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) တွင် **“စာကြည့်တိုက်လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်မှုရှိစေရေး၊ စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိနိုင်ရေး၊ ကျေးလက်နေပြည်သူများ အသိပညာတိုးပွားနိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အထောက်အကူပြုပေးနိုင်သည့် စာအုပ်စာပေများ ထားရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း”** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ အမှာစကားကလည်း လူငယ်လူရွယ်များအတွက် စာပေရေသောက်မြစ်ကို ရှင်သန်အားကောင်းစေမည့် အားဆေးတစ်ခွက်အဖြစ် ဆောင်ကြဉ်းပေးစေပြန်သည်။

၂၁ ရာစုခေတ်မှာ လူငယ်လူရွယ်များ စာအုပ်စာစောင်နှင့် အလှမ်းဝေးကွာလာပြီး ဖုန်းကိုယ်စီနှင့် အင်တာနက် ဖေ့စ်ဘွတ်တွင် ဦးဝတ်ခေါင်းငုံ့ အလုပ်ရှုပ်နေကြခြင်းကို နိုင်ငံတော်ဝန်ကြီးချုပ်ကြီးက သိနေလို့လားပင်မသိ စာအုပ်စာပေများ ဖတ်ရှုရန်၊ စာကြည့်တိုက်လုပ်ငန်းစဉ်များကို အားထည့်လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်ခြင်း ဖြစ်ဟန်တူသည်။

စာဖတ်သည်ဆိုရာတွင် ဝါသနာကြောင့် ဖတ်တာမျိုးထက် မသိတာတွေ သင်ယူတာမျိုး၊ တစ်ကိုယ်ရေစာ တိုးတက်တာမျိုးအတွက်ပါ ဖတ်ရှုသင့်သည်။ သုတ၊ ရသစာပေမျိုးစုံအနက်မှ အတ္ထုပ္ပတ္တိစာပေကို ဖတ်ရှုသည့်အခါ ကမ္ဘာလောကအပေါ် အမြင်အသစ်ဖြစ်စေသကဲ့သို့ ပင်ကိုစူးစမ်းလေ့လာစိတ်ကို အထောက်အကူပြုစေပြီး ယဉ်ကျေးမှုဓလေ့များကို သိရှိနိုင်ကာ ကမ္ဘာလောကမှ အခြားသူများ၏ အောင်မြင်မှု၊ ကျရှုံးမှုများကိုလည်း လေ့လာအတုယူနိုင်မည်ဖြစ်သည်။ မိမိကတော့ ခရီးသွားစာပေဖတ်ရခြင်းကို ပိုမိုနှစ်ခြိုက်မိသည်။

ခရီးသွားစာပေနှင့်ပတ်သက်ပြီး **“ခရီးသွားစာပေဟာ နိုင်ငံသမိုင်းပညာ၊ ပထဝီပညာ၊ သိပ္ပံပညာ အစရှိတဲ့ ပညာပဒေသာ စာမျိုးဖြစ်ကြောင်း၊ ခရီးသွားရင်း ရောက်ရာအရပ်မှာ မြင်ခဲ့ ကြားခဲ့ ကြုံခဲ့ပြီး မှတ်တမ်းရေးခဲ့ကြတဲ့ ခေတ်အဆက်ဆက် လူ့အဖြစ်အပျက်တွေ၊ လူ့အမူအရာတွေ၊ သဘာဝမြင်ကွင်း၊ မြင်ကွက်တွေဟာ နိုင်ငံသမိုင်းပြုစုရာမှာဖြစ်စေ၊ သုတေသနပြုရာမှာဖြစ်စေ၊ အထောက်အပံ့ဖြစ်တယ်ဆိုတာဟာ အထင်အရှားပဲ ဖြစ်ကြောင်း၊ အများပရိသတ်အတွက်ဆိုရင်လည်း ခရီးသွားစာပေဖတ်ရှုခြင်းဟာ ကျဉ်းမြောင်းတဲ့ ကိုယ့်ပတ်ဝန်းကျင်ကိုကျော်ပြီး ကျယ်ပြန့်တဲ့ သက်ရှိသက်မဲ့ကမ္ဘာလောကမှာ စိတ်ဝင်စားလာချင်အောင် မျက်စိဖွင့် ကြည့်ချင်လာကြအောင်၊ တိုးတက်ကြံဆမှု ရှိချင်လာကြအောင် မျှမျှတတ ချိန်ဆသုံးသပ်မှု ရှိချင်လာကြအောင် ပြုနိုင်စွမ်းရှိတယ်လို့ ယူဆချင်ကြောင်း”** ဆရာဇော်ဂျီက ၁၉၇၉ ခုနှစ် မတ်လက ရန်ကုန်မြို့ ဂျူဗလီခန်းမ (ယခု တပ်မတော်စစ်သမိုင်းပြတိုက်နေရာ)တွင် ပြုလုပ်သည့် ခရီးသွားစာပေ စာတမ်းဖတ်ပွဲ၌ သဘာပတိ မိတ်ဆက်နိဒါန်းစကားဆိုခဲ့သည်ကိုလည်း မှတ်သားဖူးသည်။

## စာမဖတ်လျှင် မတ်တတ်ခြောက်သည့် သစ်ခြောက်ပင်နှင့်တူစွ

**“အလိမ္မာ စာမှာရှိ၊ စာအုပ်စာပေ လူ့မိတ်ဆွေ”** ဆိုရိုးစကားအတိုင်း လူမှန်လျှင် စာဖတ်ဖို့လိုသည်။ စာတတ်ပါလျက် စာမဖတ်လျှင် မတ်တတ်ခြောက်သည့် သစ်ခြောက်ပင်နှင့်တူစွဟု ဆိုရိုးရှိသလို မန်လည်ဆရာတော်ကလည်း **“မရှိပညာ၊ ဤလူ့ရွာ၌ ကျမ်းစာနီတိ၊ တတ်မသိက မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏”** ဟု ရေးဖွဲ့ထားပါသေးသည်။ မျက်မှောက်ကာလတွင် စာဖတ်မှုစွမ်းအားများ နည်းပါးလာကြခြင်းကြောင့် ကျေးဇူးတရားသိတတ်မှု နည်းပါးလာခြင်း၊ လိမ္မာယဉ်ကျေးခြင်းတို့ ပါးလျားလာခြင်းတို့ကို မြင်တွေ့လာရသည်။

ထို့ကြောင့် စာအုပ်စာပေများကို ဖတ်ကြမှတ်ကြပါဟု တိုက်တွန်းလိုသည်။ စာဖတ်ခြင်း အလေ့အထ ပါးလျားလာခြင်း၏ အကျိုးဆက်အနေဖြင့် ယဉ်ကျေးလိမ္မာခြင်းနှင့် အသိပညာဗဟုသုတများခြင်းတို့ လျော့နည်းလာကာ အသိအလိမ္မာနှင့်ဆင်ခြင်တုံတရားနည်းပါးပြီး မဖြစ်သင့်သည်များနှင့် စိတ်မချမ်းမြေ့ဖွယ်ရာများ ပေါ်ပေါက်လာခြင်းကို လက်ရှိ မြန်မာနိုင်ငံ၏ အခင်းအကျင်းတချို့၌ တွေ့နေ မြင်နေ ကြားနေရသည်။ စာပေသည် ဘဝတိုင်းကို ဧကန်မုချ မြှင့်တင်ပေးနိုင်ခြင်းကြောင့် မိမိတို့၏ လက်ကိုင်ဖုန်းမှတစ်ဆင့် လေ့လာခြင်းအပြင် စာအုပ်စာပေများကို အချိန်ပေး၍ လေ့လာဖတ်ရှုကြရန်လည်း တိုက်တွန်းလိုသည်။

## စာပေကို စာစောင့်နှင့် စာမွဲ နှစ်မျိုးခွဲ

တချို့က ထွက်သမျှ ကောင်းပေ့ဆိုသည့် စာအုပ်များကို ဝယ်ယူစုဆောင်းလေ့ရှိသော်လည်း ဝယ်သမျှ အကုန်မဖတ်ဖြစ်တာလည်း ရှိတတ်ကြသည်။ စာအုပ်စာပေစုဆောင်းမှုမှာ တစ်ဦးချင်းအနေဖြင့် မိမိအတွက်သာ အကျိုးများပြီး အများအနေဖြင့် အကျိုးများစေရန် အများပြည်သူဖတ်ရှုနိုင်သော စာကြည့်တိုက်များ တိုးပွားအောင် ကြိုးပမ်းအားထုတ်ကြရန်လိုသည်။ ရှိပြီးစာကြည့်တိုက်များ ရေရှည်ရှင်သန်ရန်အတွက် ကိုယ်တတ်နိုင်သလောက် စာအုပ်စာပေများ လှူဒါန်းထောက်ပံ့ခြင်းကို ပြုလုပ်ကြရန်လည်းလိုသည်။ စာပေကို စာစောင့်နှင့် စာမွဲ နှစ်မျိုးခွဲ၍ သိထားရန်လိုသည်။ စာစောင့်ဆိုသည်မှာ စာအုပ်စာပေများကို စုဆောင်းထားသော်လည်း မသုံးရက် မစွဲရက်ဘဲ ဥစ္စာစောင့်ကဲ့သို့ သော့ခတ်သိမ်းဆည်းထားသော စာထောင်ကို ဆိုလိုခြင်းဖြစ်ပြီး စာမွဲဆိုသည်မှာ စုဆောင်းမှုပြုခြင်းကိုလည်း အားမပေး၊ ကိုယ်တိုင်လည်း အလေ့အလာနည်းသည့် စာမဖတ်သူကို ဆိုလိုခြင်းဖြစ်သည်။

## သုတ၊ ရသဗဟုသုတအဖုံဖုံကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၏ အားပေးမှု၊ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများကြောင့် စာကြည့်တိုက်ယဉ်ကျေးမှုများ ပြန်လည်ထွန်းကားလာသည်ကို နေရာတော်တော်များတွင် တွေ့နိုင်သည်။ ထို့အတူ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ စာပေဗိမာန်၊ ပြည်သူ့စာကြည့်တိုက်တို့၌လည်း စာအုပ်စာပေစာစောင်များအပြင် Digital Library တို့မှာပါ သုတ၊ ရသဗဟုသုတအဖုံဖုံကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်သောကြောင့် နီးစပ်ရာစာကြည့်တိုက်များသို့ အားလပ်ချိန်တိုင်း သွားရောက်ဖို့လိုသည်။

စာကြည့်တိုက်ကို ပျော်ရွှင်နှစ်လိုဖွယ်နေရာ၊ ထူးဆန်းအံ့ဩဖွယ်ကောင်းသည့်ဝန်းကျင်ဟု ဖွင့်ဆိုထားပြီး လူတန်းစားမရွေး၊ အသက်ကြီးငယ်မရွေး၊ ဗဟုသုတ ရှာမှီးလိုသူတိုင်း မည်သူမဆို စာကြည့်တိုက်သို့ သွားရောက်ကာ စာအုပ်စာပေများ ဖတ်ရှုခြင်းဖြင့် တွေးခေါ်မြော်မြင်မှုများ၊ မျှော်လင့်ချက်များနှင့် စိတ်ကူးများကို ပိုမိုအားကောင်းလာနိုင်စေမည်ဖြစ်သကဲ့သို့ အနာဂတ် မျိုးဆက်ကျောင်းသား ကျောင်းသူလူငယ်များ၊ ဘဝတစ်သက်တာ ပညာရှာမှီးလိုသူများ အားလုံးအနေဖြင့်လည်း ကျောင်းစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ အမျိုးသားစာကြည့်တိုက်များဆီ အရောက်သွားကာ စာဖတ်ခြင်းဖြင့် ပညာပြည့်ဝ နှလုံးလှကာ ကောင်းကင်၌ လင်းလက်တောက်ပသည့်ကြယ်များ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

- **❖ ၂၁ ရာစုခေတ်မှာ လူငယ်လူရွယ်များ စာအုပ်စာစောင်နှင့် အလှမ်းဝေးကွာလာပြီး ဖုန်းကိုယ်စီနှင့် အင်တာနက် ဖေ့စ်ဘွတ်တွင် ဦးဝတ်ခေါင်းငုံ့ အလုပ်ရှုပ်နေကြခြင်းကို နိုင်ငံတော်ဝန်ကြီးချုပ်ကြီးက သိနေလို့လားပင်မသိ စာအုပ်စာပေများဖတ်ရှုရန်၊ စာကြည့်တိုက်လုပ်ငန်းစဉ်များကို အားထည့်လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်ခြင်းဖြစ်**
- **❖ စာကြည့်တိုက်ကို ပျော်ရွှင်နှစ်လိုဖွယ်နေရာ၊ ထူးဆန်းအံ့ဩဖွယ်ကောင်းသည့် ဝန်းကျင်ဟု ဖွင့်ဆိုထားပြီး လူတန်းစားမရွေး၊ အသက်ကြီးငယ်မရွေး၊ ဗဟုသုတ ရှာမှီးလိုသူတိုင်း မည်သူမဆို စာကြည့်တိုက်သို့သွားရောက်ကာ စာအုပ်စာပေများဖတ်ရှုခြင်းဖြင့် တွေးခေါ်မြော်မြင်မှုများ၊ မျှော်လင့်ချက်များနှင့် စိတ်ကူးများကို ပိုမိုအားကောင်းလာနိုင်စေမည်ဖြစ်သကဲ့သို့ အနာဂတ်မျိုးဆက် ကျောင်းသား ကျောင်းသူလူငယ်များ၊ ဘဝတစ်သက်တာ ပညာရှာမှီးလိုသူများအားလုံးအနေဖြင့်လည်း ကျောင်းစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များ၊ အမျိုးသားစာကြည့်တိုက်များဆီ အရောက်သွားကာ စာဖတ်ခြင်းဖြင့် ပညာပြည့်ဝ နှလုံးလှကာ ကောင်းကင်၌ လင်းလက်တောက်ပသည့်ကြယ်များဖြစ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထား

နေပြည်တော် မေ ၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ကျောင်းဆောင်တွင် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

**လျှောက်ထား**

ပြည်ထောင်စုဝန်ကြီးက ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာ ၅၁ အုပ်ကို ဆဋ္ဌမူအတိုင်း ကွန်ပျူတာစာမူဆောင်ရွက်နေမှုအခြေအနေ၊ သတ်မှတ်ကာလအတွင်း အဋ္ဌကထာ ကွန်ပျူတာစာမူစာအုပ်များ ထုတ်ဝေနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးအထင်ကရ ဘုရားစေတီများ၌ ဘုရားစေတီတော်သမိုင်းဆိုင်ရာ အချက်အလက်များ၊ ဗုဒ္ဓဖြစ်တော်စဉ် ဗုဒ္ဓဝင်၊ ဗုဒ္ဓအဆုံးအမများ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၏ ဩဝါဒများ၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ ထွန်းကားပြန့်ပွားရေး ဆောင်ရွက်နေမှုများကို တစ်နေရာတည်းတွင် အလွယ်တကူ ကျောင်းသား ကျောင်းသူလူငယ်များ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအပေါင်း၊ လေ့လာလိုသူများ ကြည့်ရှုလေ့လာနိုင်ရန်(Pagoda Digital Directory) ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ လျှောက်ထားတင်ပြရာ ပါမောက္ခချုပ်ဆရာတော်က အဋ္ဌကထာစာအုပ် ၅၁ အုပ် အမြန်ရိုက်နိုင်ရေးအတွက် အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဩဝါဒပေးခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်ကြီးအား ပြည်ထောင်စုဝန်ကြီးက လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော်၌ ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှူးကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော်၌ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ဆုတောင်းပြည့်မယ်လမုစေတီတော် ဗုဒ္ဓေါ အောင်မြေဘုရားတန်ဆောင်းတွင် ကျင်းပသည်။



ဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ကာ အောင်မြေဝတီကျောင်းမှ သံဃာတော်အရှင်သူမြတ်က စိန်ရောင်ခြည်ဘုရားပင့်ဂါထာဖြင့် ဘုရားပင့်ပူဇော်ပြီး သီရိမင်္ဂလာကျောင်းဆရာတော်က နတ်ဖြပ္ပာများအား ဖိတ်ကြားသည်။ ထို့နောက် ဆုတောင်းပြည့် မယ်လမုစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကန်တော့ပွဲများကိုနတ်များအား ဆက်ကပ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ပူဇော်ကျင်းပသွားမည်ဖြစ်**

ဆက်လက်၍ ဆုတောင်းပြည့် မယ်လမုစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယက ဘုန်းတော်ကြီးများနှင့် (၂)ရပ်ကွက် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော်ကြီး ၁၅ ပါးအား မယ်လမုဂေါပကအဖွဲ့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ဥပ္ပါတသန္တိသုတ်တော် ရွတ်ဖတ်ပူဇော်ပွဲကို မေ ၃ ရက်မှ ၅ ရက်အထိ နံနက် ၆ နာရီမှ မွန်းလွဲ ၃နာရီအထိ ပူဇော်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်လွင်(ပြန်/ဆက်)



# (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

မန္တလေး မေ ၃

(၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက် ၁၁ နာရီတွင် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပရေးဦးစီးကော်မတီက မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ခန္တောတိုက် မဏိရတနာကျောင်း (YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်း) ရှိ သံဃာရှစ်ပါးနှင့် ကိုရင်အပါး ၆၀ အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော် နာယူခြင်းအခမ်းအနား ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း မိသားစုက ဆွမ်း၊ ဆေး၊ ပညာရေး၊ ရေ/မီးနှင့် ဆောက်လုပ်ရေးပဒေသာပင်အတွက် အလှူတော်ငွေကျပ် ၁၈၀၀၀၀၀၊ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက နဝကမ္မအလှူငွေကျပ် ၁၇၀၀၀၀ စုစုပေါင်းအလှူတော်ငွေကျပ် ၃၅၀၀၀၀ လှူဒါန်းခြင်းနှင့် ကျောင်းသား ကျောင်းသူ ၂၇၅ ဦးအတွက် အအေးနှင့် မုန့်များ ပေးဝေလှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူ ၂၇၅ ဦးတို့အား နေ့လယ်စာ ကျွေးမွေးခြင်းနှင့် အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နေ့လယ်စာဧည့်ခံကျွေးမွေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျဂျ

# မအူပင်မြို့၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်ကြီးပူဇော်ပွဲကျင်းပ

မအူပင် မေ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲအား မအူပင်မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးငွေဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းဟောင်းများအား မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်း၍ ကန်တော့ခဲ့ကြကြောင်း သိရသည်။



အောင်မြင့်မြတ် (ပြန်/ဆက်)



# ရေကြည်မြို့နယ်၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ရေကြည် မေ ၃

( ၇၈ )နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင် ရေကြည်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးစိုးနိုင်ဦးဆောင်သည့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ယနေ့နံနက် ၇ နာရီက မြို့နယ်အတွင်းရှိ မြို့ရိုးဒွါရစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရောင်တော်ဖွင့်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် မြို့နယ်မီးသတ်ဦးစီးမှူးရုံးရှိ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ စေတီများအား ဘုရားပန်းများလဲလှယ်ခြင်း၊ ဘုရားရင်ပြင်တော်နှင့် လျှောက်လမ်းများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပရိဝုဏ်အတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရှင်းလင်းပြီးအမှိုက်များကို စနစ်တကျစွန့်ပစ်ရှင်းလင်းခြင်း၊ စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုံမြို့နယ်ဦးစီးမှူးရုံး၏လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှု ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲ တက်ရောက်



နေပြည်တော် မေ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုံမြို့နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ထုတ်ပေးနေမှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းဝင်/ ပြောင်းထွက်အတွက် လျှောက်ထားသူများ၊ နိုင်ငံသားကတ်ပြား မရှိသေးသူများ၊ လဲလှယ်နှင့် ပျောက်ဆုံး၊ ပျက်စီး လျှောက်ထားသူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ နိုင်ငံသားကတ်ပြား ရရှိပြီးသူများကို E-ID စနစ်အတွက် Biographic/ Biometric တစ်ပါတည်းကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးခန်းများအခြေအနေနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲ ၂ နာရီတွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်ပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စီမံဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလများတွင် မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၊ အကြမ်းဖက်အဖွဲ့အစည်းများကြောင့် အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပွားခဲ့မှုနှင့် ပြည်တွင်း၊ ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှုများကြောင့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များ မလွဲမသွေ ဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုပြီး လိုအပ်သည့် မူဝါဒ၊ စီမံကိန်းများ ချမှတ်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ အုပ်စု စသည်တို့ကို အခြေခံ၍ ၂၀၂၄ ခုနှစ်တွင် ရှိလာမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စုအရေအတွက် ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ထားကြောင်း။

စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေမှလွဲ၍ အကြောင်းအမျိုးမျိုးကြောင့် ကောက်ယူရန်ကျန်ရှိနေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန်လည်း လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ဖြစ်ပြီး အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် Tablet များ အသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူသည့်အတွက် မေးမြန်းကောက်ယူထားသည့် အချက်အလက်များအား အချိန်တိုအတွင်း နေပြည်တော်ရုံးချုပ်ရှိ Server သို့ ပေးပို့နိုင်ပြီး လူဦးရေဆိုင်ရာအချက်အလက်များကို အမြန်ဆုံးထုတ်ပြန်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွက်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိနိုင်မည့် အချက်အလက်များ၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ သန်းခေါင်စာရင်းအချက်အလက်များမှ ဖော်ထုတ်ချက်အကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးညီညီမင်းက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသမှုကို ကြည့်ရှုအားပေးကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုင်းတုံမြို့၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၄)အခမ်းအနား ကျင်းပ



ကျိုင်းတုံ မေ ၃

ကျိုင်းတုံမြို့၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၄) အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်က ပုံမှန်ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးကာ ကာကွယ်ဆေးထိုးနှံသည့်ကလေးငယ်များအား အရုပ်၊ ပဲနို့နှင့် အာဟာရပြည့်မုန့်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ဇီးကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

ဇီးကုန်း မေ ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်ပတ်သက်၍ ရှင်းလင်းပြသခြင်း၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်က ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမြင့်ကျော်



က အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဒေါ်အေးအေးမော်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြ၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ကျေးရွာအုပ်စု ၃၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မဲဆန္ဒရှင်ပြည်သူများ ၃၁၃ ဦးက စိတ်ပါဝင်စားစွာဖြင့် ကိုယ်တိုင်လက်တွေ့စမ်းသပ်မဲပေးခဲ့ကြသည်။

### ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ၊ အကြံပြုပြောကြားချက်များကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိနှင့် တာဝန်ရှိသူတို့က ရှင်းလင်းဖြေကြားသည်။ ဇီးကုန်းမြို့နယ်တွင် ဒေသခံပြည်သူများအား MEVM စက်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် အသိပညာပေးအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကြီးထောင့်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

ကန့်ကြီးထောင့် မေ ၃

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ် ညောင်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများအား ယနေ့နံနက် ၁၀ နာရီမှစတင်၍ ညောင်ကုန်းကျေးရွာအုပ်စု အမက(ကံစု)တွင် ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေ၏ ဦးဆောင်မှုဖြင့် မြို့နယ်ရုံး ဝန်ထမ်းများက ညောင်ကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာနေပြည်သူများအား လူဦးရေမှတ်ပုံတင်ခြင်းလုပ်ငန်းဖြစ်သည့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းနှင့် ပတ်သက်သည့်အကြောင်းအရာများအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥယျာဉ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဥယျာဉ်မွဿာမိ ဘဝနတ်ထံပျံလွန်တော်မူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥ ယျာဉ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဥ ယျာဉ်မွဿာမိ(၈၃ နှစ်၊ ၆၃ ဝါ)သည် ၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ ၃၀-၄-၂၀၂၄ ရက် (အင်္ဂါနေ့)၊ ၁၃:၁၅ အချိန်တွင် သီတင်းသုံးရာကျောင်း၌ ၉၆ ပါးသောရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေ အရလည်းကောင်း၊ နတ်တလူသာသနာပြုစခန်းမှ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ဆရာတော်ကြီး၏ ကပ္ပိယကာရကများ၏ သဘောဆန္ဒအရ လည်းကောင်း အန္တိမ စျာပနကို ၎င်းတို့၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရ ဘက်မှလည်း လိုအပ်သည်များ ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာ ဥ ယျာဉ်တောရကျောင်း၏ ဦးစီးပဓာနနာယက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဘဒ္ဒန္တဥ ယျာဉ်မွဿာမိ၏ ထေရုပ္ပတ္တိအကျဉ်း


အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ဥ ယျာဉ်တောရ

## ဖွားမြင်တော်မူခြင်း

မဟာဗောဓိမြိုင်ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် မြေမွန်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာနေ ဦးဘစံ + ဒေါ်မေတို့က ၁၃၀၃ ခုနှစ် ဝါဆိုလပြည့် အင်္ဂါနေ့ ည ၁ နာရီတွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ ငယ်နာမည် မောင်ငြိမ်းမောင် ဖြစ်ပါသည်။

## ရှင်ရဟန်းပြုတော်မူခြင်း

၁၃၁၇ ခုနှစ် တပို့တွဲလပြည့် ကျော် ၆ ရက် စနေနေ့တွင် မင်းကုန်းတောရကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒကို ဥပဇ္ဈာယ်ပြုလျက် မိခင်ဒေါ်မေ၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၂၃ ခုနှစ် ဝါဆိုလဆန်းတွင် ထန်းတပင်ကျေးရွာ ရွှေဖောင်တော်ဦးကျောင်းတိုက် ခဏ္ဍသိမ်၌ မင်းကုန်းတောရကျောင်းဆရာတော် ဘဒ္ဒန္တအာစာရကို ဥပဇ္ဈာယ်ပြုလျက် ဦးဘသန်း + ဒေါ်စောညဏ်တို့၏ ပစ္စယာနုဂ္ဂဟခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့(ပထမအကြိမ်) ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၇ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်တွင် လူဝတ်လဲခဲ့ပြီးနောက် ၁၃၄၁ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်သီရိရတနာလမ်း သာသနဒ္ဓဇမာန်ဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ်ပြု၍ ခေမာသီဝကျောင်းတိုက် ခဏ္ဍသိမ်၌ ရဟန်းအဖြစ်သို့(ဒုတိယအကြိမ်) ရောက်ရှိတော်မူခဲ့ပါသည်။

## ပရိယတ္တိစာပေ သင်ယူဆည်းပူးခြင်း

၁၃၁၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် တနင်္ဂနွေနေ့တွင် ရွှေဘိုမြို့ ဝေဠုဝန် ပါဠိတက္ကသိုလ်စာသင်တိုက်သို့ ပိဋကတ်စာပေများသင်ယူရန် ရောက်ရှိတော်မူခဲ့ပြီး ၁၃၁၉ ခုနှစ်တွင် အစိုးရပထမငယ်တန်း အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၂၁ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ကျောက်ပန်းတောင်းကျောင်းတိုက်သို့ စာပေသင်ယူရန် ကြွရောက်တော်မူခဲ့ပါသည်။ ၁၃၂၁ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် ဗုဒ္ဓဟူးနေ့တွင် မော်လမြိုင်မြို့ စိန်မမပါဠိတက္ကသိုလ်သို့ ပညာသင်ယူရန် ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် အစိုးရပထမလတ်တန်းကို အောင်မြင်တော်မူခဲ့ပါသည်။ ၁၃၂၅ ခုနှစ် နွေဦးကာလတွင် ပုသိမ်မြို့ သာသနရံသီ ပါဠိတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ထိုနှစ်မှာပင် အစိုးရပထမကြီးတန်းကို အောင်မြင်တော်မူခဲ့ရာ တိုင်းအဆင့်တွင် ဒုတိယရရှိခဲ့ပါသည်။

## သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဘဝဒုက္ခကို သံဝေဂရသည်ဖြစ်၍ ၁၃၃၇ ခုနှစ်မှစ၍ တောတောင်များသို့ ဒေသစာရီကြွချီတော်မူခြင်း၊ ဘုရားတည်ခြင်း၊ ပြုပြင်ခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၁၃၃၉ ခုနှစ်တွင် ကျိုက်လတ်မြို့နယ် ကျီးချောင်းကျေးရွာ၊ ဆင်ကူးကျေးရွာရှိ "ပြည်လုံးချမ်းသာ ဖောင်တော်ဦးစေတီတော်"ကို ပြုပြင်မွမ်းမံခဲ့သည်။ ၁၃၄၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့မှ အစပြုကာ အရညဝါသီ တောရမိုလျက်သီတင်းသုံးတော်မူခဲ့ပါသည်။ ၁၃၄၁ ခုနှစ်တွင် သာစည်မြို့နယ် ရွှေကျောင်းကုန်း တောင်ထိပ်၌ "လောကမုနိစေတီတော်"ကို တည်ထားခဲ့ပါသည်။ ၁၃၅၃၊ ၁၃၅၄၊ ၁၃၅၅ ခုနှစ်များတွင် ပျဉ်းမနားမြို့ရှိ လက်လုပ်တောင်တောရတွင် သီတင်းသုံးခဲ့သည်။ ၁၃၅၇ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် လားဟူကျေးရွာ ၂၂ ရွာ၊ လီရှောကျေးရွာ ၄ ရွာတို့ရှိ တိုင်းရင်းသား ၂၀၀၀ ကျော်ကို ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းလာအောင် ဆောင်ရွက်တော်မူပြီး ဗုဒ္ဓဘာသာ အဆုံးအမခံယူပွဲကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့ပြီး "မဟာဗောဓိမြိုင် ဆရာတော်"ဟူ၍ နိုင်ငံအနှံ့ လူသိများထင်ရှားလာခဲ့ပါသည်။ ၁၃၅၉ ခုနှစ်တွင် နတ်တလူတောရကို စတင်တည်ထောင်၍ ဝါဆိုလပြည့်နေ့မှ တော်သလင်းလပြည့်နေ့ထိ နှစ်လတိတိ တရားစခန်းဖွင့်လှစ်ပေးခဲ့ပါသည်။ ၁၃၅၉ ခုနှစ်တွင် နတ်တလူတောရ၌ ဉာဏ်တော် ၁၈ တောင်အမြင့်ရှိသော "မင်းဘိသိက်ခံ စေတီတော်"ကို စတင်တည်ထားခဲ့ပြီး ၁၃၆၀ ပြည့်နှစ် တပေါင်းလပြည့်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို အောင်မြင်စွာ ဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၆၁ ခုနှစ် ကဆုန်လပြည့်နေ့တွင် မွေးရာဇာတိမြေဖြစ်သော မြေမွန်နေရာတွင် "ဥ ယျာဉ်ရွှေချက်သိုတံခွန်တိုင်"ကို တည်ထားခဲ့သည်။ ဆရာတော်ကြီးသည် လေးထည်မြောက်သင်္ကန်းကို စွန့်၍ သုံးထည်သောသင်္ကန်းကိုသာ ဆောက်တည်ခြင်း တိစီဝရိက်ဓုတင်၊ ဆွမ်းခံ၍ရသော ဆွမ်းကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူခြင်း ပိဏ္ဍပါတ်ဓုတင်၊ တောရဆောက်တည်ခြင်း အရညကင်ဓုတင်တို့ကို ဆောင်တော်မူလျက် ဒါယကာ ဒါယိကာမအပေါင်းတို့အား ကုသိုလ်တရားပွားများနိုင်ရန် ချီးမြှောက်တော်မူခဲ့ပါသည်။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ ဝါတော် ၆၃ ဝါအရ ၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက်(၃၀-၄-၂၀၂၄) အင်္ဂါနေ့ ၁၃:၁၅ အချိန်တွင် သီတင်းသုံးရာကျောင်း၌ ၉၆ ပါးသောရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော် မူခဲ့ပါသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ရေကန်အနက်နှိုက်ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

လှည်းကူး မေ ၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နန်းထက်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးနှင့် တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စစ်တန်းကျေးရွာရှိ ရေကန်အနက်နှိုက်ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော စစ်တန်းကျေးရွာ ရေကန်အနက်နှိုက်ခြင်း (အလျား ပေ ၁၂၀၊ အနံ ပေ ၁၀၀၊ အနက် ၄ ပေ)ဆောင်ရွက်နေသည့်လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# တိရစ္ဆာန်ဆေးကုသိပ္ပံနှင့် ဒီပလိုမာ တစ်နှစ်သင်တန်း ဖွင့်လှစ်






**ရန်ကုန် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ဆေးကုသိပ္ပံနှင့် ဒီပလိုမာ တစ်နှစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းဝင်း၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆရာဝန်များအသင်းဥက္ကဋ္ဌ၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်တောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းဝင်းအတွင်းရှိ တိရစ္ဆာန်ဆေးကုသိပ္ပံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး အမွေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**အမှာစကားပြောကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏တိရစ္ဆာန် ဆေးကုသိပ္ပံအုပ်ချုပ်ရေး ခန်းမဆောင်၌ တိရစ္ဆာန်ဆေးကုသိပ္ပံ၊ ဒီပလိုမာ တစ်နှစ်သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် နိုင်ငံတော်၏ အသားကဏ္ဍ ပိုမိုဖွံ့ဖြိုးရေးအတွက် မွေးမြူထုတ်လုပ်မှုနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ပေးနိုင်ရန် ကာလတို၊ ကာလရှည် သင်တန်းများပေးခြင်းကို နှစ်စဉ် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးဆိုင်ရာ အတတ်ပညာကို ကျွမ်းဝင်နားလည်သည့် ပညာရှင်ဝန်ထမ်းများ အဖြစ် လေ့ကျင့်မွေးထုတ်ပေးပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မွေးမြူရေးကဏ္ဍဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ယခုတိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းကို ယနေ့ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

မွေးမြူထုတ်လုပ်မှုတိုးတက်ရန်အတွက် မွေးမြူတိရစ္ဆာန်များ၏ ကျန်းမာရေးကို ထိထိရောက်ရောက် စောင့်ရှောက်မှုပေးနိုင်ရန် သင်တန်းတွင် တိရစ္ဆာန်ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်သည့် အခြေခံဆေးကုသရေးပညာရပ်များကို သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးမြောက်အောင်မြင်ပါက တိရစ္ဆာန်ဆေးကုဒီပလိုမာ (Dip.V.Sc)ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာန၏လုပ်ငန်းများကို အရည်အသွေးမြင့်မားစွာ ဆောင်ရွက်နိုင်မည့် နည်းတူ မိမိအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူ ပညာရပ်တစ်ခုကို တတ်မြောက်သွားစေမည်ဖြစ်၍ သင်တန်းသားသင်တန်းသူများအနေဖြင့် နိုင်ငံတော်အတွက်သာမက သင်တန်းတက်ရောက်သူများ အတွက်ပါ အကျိုးကျေးဇူးကောင်းများရရှိမည့် သင်တန်းဖြစ်သောကြောင့် သင်တန်းကျောင်းက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထူးချွန်အောင်ကြိုးစားသင်ယူကြရန် တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး သင်တန်းစာသင်ဆောင်တွင် စတင်သင်ကြားပို့ချနေမှုကိုကြည့်ရှုပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိရစ္ဆာန်ဆေးကုသိပ္ပံ၊ ဒီပလိုမာ တစ်နှစ်သင်တန်းကို တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် အခြေခံတတ်မြောက်ထားရမည့် ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ မွေးမြူရေးသိပ္ပံပညာ၊ အာဟာရဗေဒ၊ မေထုန်မဲ့သားစပ်ပညာစသည့် ဘာသာရပ်များအပြင် သားဖွားမီးယပ်ပညာ၊ အဏုဇီဝဗေဒ၊ ကပ်ပါးဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ တိရစ္ဆာန်ဆေးပညာ၊ အခြေခံခွဲစိတ်ပညာ၊ တိရစ္ဆာန်ကူးစက်ရောဂါပညာ၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ပညာစသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက တိရစ္ဆာန်ဆေးကုဒီပလိုမာ (Dip.V.Sc)ဘွဲ့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းသို့ သိပ္ပံဘွဲ့ရရှိထားသည့် ဌာနတွင်းမှ သင်တန်းသား ငါးဦးနှင့် သိပ္ပံဘွဲ့ရရှိထားသူ ပြင်ပသင်တန်းသား ၆၁ ဦး စုစုပေါင်း ၆၆ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ အခြေခံပညာနှင့် အဆင့်မြင့်ပညာ သင်ရိုးများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် မေ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် အခြေခံပညာ Grade–12 နှင့် အဆင့်မြင့်ပညာ(တက္ကသိုလ်)သင်ရိုးများ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၅)ရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ညွှန်ကြားရေးမှူး (လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ) နှင့် ဌာနမှူး၊ ပါမောက္ခ(ဌာနမှူး)နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ညှိနှိုင်းဆွေးနွေးပွဲနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို အဖွင့်အမှာစကားပြောကြားပြီး Grade–11 နှင့် Grade–12 သင်ရိုးများကို လေ့လာကာ မိမိတို့တက္ကသိုလ်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲနိုင်ရန်၊ တက္ကသိုလ်များတွင် ဘွဲ့ဒီဂရီများ အပ်နှင်းရာတွင် term paper/ project paper များပြုလုပ်စေပြီးမှ ဘွဲ့ပေးအပ်ရန်၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်အသီးသီး၏ ပညာသင်နှစ်များကို လက်ရှိသင်ကြားနေသည့် ပညာသင်နှစ်အတိုင်းထားရှိရန် သို့မဟုတ် လျှော့ချရန် လိုအပ်ခြင်း ရှိ/မရှိနှင့် အနုပညာကောလိပ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသားသင်တန်းသူများ နေပြည်တော် MRTV တွင် လေ့လာ

**နေပြည်တော် မေ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(၁/၂၀၂၄)မှ သင်တန်းသားသင်တန်းသူ ၃၀နှင့် ကြီးကြပ်သူနှစ်ဦးတို့သည် ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် – တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံထုတ်လွှင့်မှုဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် လေ့လာကြသည်။

ဦးစွာ ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် “နုပျိုဆန်းသစ် (၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV” ဗီဒီယိုကလစ်ကို ပြသပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် News Channel Studio နှင့် Radio On Air ခန်းတို့တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုတို့ကို ကြည့်ရှုလေ့လာကြပြီး Office Canteen တွင်လေ့လာရေးအဖွဲ့များအား လက်ဖက်ရည်နှင့် မုန့်တို့ဖြင့်ဧည့်ခံသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်း ပြခန်း ၄၀ တွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များ၏ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများအား စိစစ်၍ ပြည့်စုံစွာဖြေဆိုနိုင်သူနှစ်ဦးအား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်လေးခုတွင် ဖြစ်ပွားခဲ့သော လေဘေးသင့်သူများ ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ



နေပြည်တော် မေ ၃

ရာသီဥတုဖြစ်စဉ်များကြောင့် ထိခိုက်ခံရနိုင်မှု လျော့ပါးစေရေးဆိုင်ရာလုပ်ငန်းစီမံချက် စတင်အကောင်အထည်ဖော်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး အကောင်အထည်ဖော်ဆောင်ရွက်မည့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လေပြင်းတိုက်ခတ်မှု ၆၆၁ ကြိမ် အပါအဝင် သဘာဝဘေးအန္တရာယ် စုစုပေါင်း ၂၀၁၆ ကြိမ်ကြောင့် ဘေးသင့်ခဲ့သူများအတွက် အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်း၊ ဆန်ရိက္ခာဖိုး၊ ဒဏ်ရာရ/ သေဆုံးစသဖြင့် ထောက်ပံ့တန်ဖိုး စုစုပေါင်းငွေကျပ် ၄၅၅၀ ဒသမ ၈၃၅ သန်းရှိခဲ့ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားရမှုများ လတ်တလောသက်သာစေရေးအတွက် ကူညီထောက်ပံ့မှုများ ဆောင်ရွက်နေသည့်အပြင် ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် လျော့ပါးစေရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြောင်း။

ယခုကဲ့သို့ အပူချိန် မြင့်မားတတ်သောကာလများတွင် အပူဒဏ်လျော့နည်းသက်သာစေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှစ၍ အပူရှောင်စခန်းများကို စစ်ကိုင်းတိုင်းဒေသကြီးတွင်၂၀၊ မကွေးတိုင်းဒေသကြီးတွင် ၂၄ ခု စုစုပေါင်း ၄၄ ခု ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း လောလောဆယ် လေးခုနှင့် ရှမ်းပြည်နယ်တွင် နှစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး လိုအပ်ပါက ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိဌာန၏ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်၍ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိသက်ရောက်စေရန်နှင့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လေပြင်းဘေးအန္တရာယ်နှင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ အပူရှောင်စခန်းများ ဖွင့်လှစ်ခြင်း၊ လတ်တလောလိုအပ်နေသည့် သောက်သုံးရေများ ထောက်ပံ့ပေးခြင်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးက မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာနှင့် မကြီးချောင်းကျေးရွာ၊ ရေနံချောင်းမြို့နယ် မြို့မမြောက်ရပ်ကွက်တို့တွင် အပူရှောင်စခန်းများ ဖွင့်လှစ်မှုအခြေအနေနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးက ပြည်နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများနှင့် လင်းခေးခရိုင်ဦးစီးမှူးရုံးက လင်းခေးမြို့နယ် ဝမ်လှိုင်ရပ်ကွက် မဟာဝိဟာရကျောင်းတွင် အပူရှောင်စခန်းဖွင့်လှစ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မေ ၂ ရက် ညနေပိုင်းက ပြည်ထောင်စုနယ်မြေအတွင်း ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များတွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားပြီး လူနေအိမ် ၂၄ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း ပြိုလဲကာ လူနေအိမ် ၁၅၆ လုံးနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်း တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၈၀ မှ လူဦးရေ ၇၂၅ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ရာ အဆိုပါလေဘေးသင့်သူများကို ထောက်ပံ့ခြင်းအခမ်းအနားကို ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်စုကျေးရွာနှင့် ဇေယျာသီရိမြို့နယ်၊ ပုပ္ပားကုန်းရပ်ကွက် ဝိဇ္ဇာသိပ္ပံဘုန်းကြီးကျောင်းတို့၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းငွေကျပ် ၁၁၈ သိန်းကျော်နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ၂၄ အိမ်ထောင်စာ၊ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ထောက်ပံ့ငွေကျပ် ၆၄ သိန်းနှင့် ဆန် သုံးအိတ်၊ စားသုံးဆီ ၁၂၂ ပိဿာတို့ကို ထောက်ပံ့ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က အားပေးစကားများပြောကြားပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များ မေးမြန်းကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မေ ၃

ပြည်ထောင်စု နယ်မြေ နေပြည်တော် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် အခြေခံစားသောက်ကုန်များ၏ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအပြင် ဈေးကွက်အတွင်း လိုအပ်သည့် ထုတ်ကုန်များအတွက် ပြည်ပမှ တင်သွင်းမှုများအစား ဒေသတွင်းစက်မှုထုတ်ကုန်များ MSME ထုတ်ကုန်များဖြင့် အစားထိုးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံစားကုန်ပစ္စည်းများကို ဈေးနှုန်းတည်ငြိမ်စေရေးအတွက် လက်တွေ့ကျပြီး အမှန်တကယ် ထိထိရောက်ရောက် အကျိုးရှိသည့် နည်းလမ်းများကို ဖော်ထုတ်နိုင်ရေးအတွက် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပူးပေါင်းပါဝင်ညှိနှိုင်းပေါင်းစပ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်ထောင်စု နယ်မြေ နေပြည်တော် အားကစားရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် နေပြည်တော် ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် တပ်ကုန်းမြို့နယ်အသင်းနှင့် ပုဗ္ဗသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများကို နေပြည်တော်အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဖလား၊ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နေပြည်တော်ဒက္ခိဏသီရိဈေး၌ နေပြည်တော် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော် အသေးစား၊ အငယ်စား၊ အလတ်စား MSME လုပ်ငန်းရှင်များ၏ ဒေသထွက် ထုတ်ကုန်အရောင်းပြခန်းများတွင် ရောင်းချနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မအူပင်မြို့၌ ဘက်စုံထူးချွန်လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

မအူပင် မေ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘက်စုံထူးချွန် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က ကြိုဆိုဂုဏ်ပြုချီးမြှင့်စကားပြောကြားပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘက်စုံထူးချွန်လူရည်ချွန်မောင်မယ်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ယင်းနောက် ပညာခေတ်ကိုယ်ပိုင်အထက်တန်းကျောင်း ဒွါဒသမတန်း (Grade-12) မှ ဘက်စုံထူးချွန်လူရည်ချွန် မထက်ထက်အောင်က လူရည်ချွန်စခန်းအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မအူပင်မြို့ဂုဏ်ဆောင် လူရည်ချွန်မောင်မယ် ရှစ်ဦးပေါ်ထွန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၆ / ၂၀၂၃)သင်တန်းဆင်းပွဲအခမ်းအနားတက်ရောက်



နေပြည်တော် မေ ၃

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၁၁၆/၂၀၂၃) ရဲသိပ္ပံ၏ ... ရဲသီဟတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူကာ သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။ ယင်းနောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ဇက်နင်ဆိမ်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖြိုးဇော်ထက်၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နီလာဗိုလ်၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လပြည့်ဝင်း၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇက်နင်ဆိမ်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများအနေဖြင့် တပ်ဖွဲ့အသီးသီး၌ ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ရပ်နှင့်အညီ နေထိုင်ကျင့်ကြံပြီး ဥပဒေနှင့်ညီညွတ်သောအမိန့်၊ မျှတသောဆုံးဖြတ်ချက်များနှင့် အဂတိတရားကင်းရှင်းစွာဖြင့် မိမိလက်အောက်ကို ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်ပြီး ပြည်သူတို့ဘဝ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရည်မှန်းချက်တာဝန် (၄) ရပ်ကို အလေးထား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များသည် ပြည်တွင်းလုံခြုံရေးကို နောင်တော်တပ်မတော်နှင့်အတူ ဆောင်ရွက်နေကြရသည်ဖြစ်သည့်အတွက် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သလို နိုင်ငံနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အသက်နှင့်ခန္ဓာကိုယ် စွန့်လွှတ်စွန့်စားရဲသည့် ရဲစွမ်းသတ္တိများနှင့် ပြည့်စုံနေစေရန် မှာကြားလိုကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့အနေဖြင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အပြင် ပြည်သူများ စိတ်အေးချမ်းသာယာစွာဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ကောင်းမွန်စွာ လုပ်ကိုင်နေထိုင်နိုင်ရန်အတွက် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ် (၆)ရပ်ကို မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဒေသနှင့်ကိုက်ညီသည့်နည်းလမ်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါးပပျောက်သည်အထိ တားဆီးကာကွယ်ရေး၊ စုံစမ်းဖော်ထုတ်အရေးယူရေးလုပ်ငန်းများကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း တက်တက်ကြွကြွပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန်အတွက် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်းစနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာနေရန်လိုအပ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများအနေဖြင့်လည်း မိမိတို့ ရောက်ရှိတာဝန်ထမ်းဆောင်ကြရမည့် လက်တွေ့နယ်ပယ်တွင် လေ့ကျင့်သင်ကြားပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လိုက်နာရမည့်အစဉ်အလာကောင်း (၁၂) ရပ်တွင် ပါရှိသည့် **“နိုင်ငံတော်တွင် အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်း လက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်”** ဟူသည့်အချက်နှင့်အညီ တပ်မတော်နှင့်အတူလက်တွဲ၍ လက်ရှိနိုင်ငံတော်၏အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲထောက်ချုပ် ရဲမှူးချုပ် မြင့်တိုးနှင့် ရဲအရာရှိကြီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၆) ရဲသီဟတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၂၃၂ ဦး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသား နှစ်ဦး၊ တပ်တွင်းဘွဲ့ရအမျိုးသမီး ၁၁၀၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသမီး တစ်ဦး စုစုပေါင်း ၃၄၅ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ ကျင်းပ

ရန်ကုန် မေ ၃

(၃၁) ကြိမ်မြောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးခန်းမ၌ ယနေ့နံနက် ၁၀နာရီတွင် ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကောင်စီဝင်များ၊ သတင်းမီဒီယာများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပေးပို့သော သဝဏ်လွှာကို သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာက ဖတ်ကြားသည်။ ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က အဖွင့်နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ယင်းနောက် သတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး) က “သတင်းလွတ်လပ်ခွင့်နှင့် သတင်းမီဒီယာသမားတို့၏တာဝန်” ခေါင်းစဉ်ဖြင့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြိတ်မြို့တွင် သစ်တော၊ သစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မြိတ် မေ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် မြိတ်တောင်ရပ်ကွက် မြို့မ (၁)ရပ်ရှိ အထက (ခွဲ) အလက(၁၀) စာသင်ကျောင်း၌ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်လတ်က အဖွင့်အမှာစကားပြောကြားပြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ၊ သစ်တောအမျိုးအစားများ၊ သစ်တောမှရရှိသော အကျိုးကျေးဇူးများနှင့် သစ်တောများ ပျက်စီးပြုန်းတီးမှု ဖြစ်ပေါ်စေသော အကြောင်းအရင်းများကို ပြောသည်။



**ပျိုးပင်တစ်ပင်စီပေးအပ်**

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန၏ ရှမ်းချောင်းသစ်တောပျိုးဥယျာဉ်သို့ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား လေ့လာရေးပို့ဆောင်ပေးခဲ့ရာ ပျိုးဥယျာဉ်အတွင်း မိုးရာသီတွင် ဖြန့်ဝေစိုက်ပျိုးမည့် အမျိုးအစား ၁၂မျိုး၊ နှစ်ပေအထက် အထူးပျိုးပင် ၁၈၀၀၀နှင့် လူထုဖြန့် ပျိုးပင် ၅၀၀၀၀ အပင်ရေ စုစုပေါင်း ၆၈၀၀၀ ပျိုးထောင်ထားရှိသည့် ပျိုးခင်းအတွင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိက ပျိုးပင်များဆောင်ရွက်ထားရှိသည့် ရည်ရွယ်ချက်များနှင့် အပင်အမျိုးအစားများကို ရှင်းလင်းပြောကြားရာ ပျိုးဥယျာဉ်အတွင်း ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများက လေ့လာခဲ့ကြပြီး သစ်တောဦးစီးဌာနမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ပျိုးပင်တစ်ပင်စီ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများရောက်ရှိ၊ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး





နေပြည်တော် မေ ၃

ရခိုင်ပြည်နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် ဆက်သွယ်ရေးလမ်းကြောင်းများအား နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဒေသတည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အမ်းခရိုင်ရှိ ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာပြီး အမ်း-ပဒါန်းလမ်းကြောင်းအတိုင်း ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး အရပ်ဘက်မော်တော်ယာဉ် ၂၇ စီးသည် မေ ၂ ရက် ညနေပိုင်းတွင် အမ်းမြို့သို့ရောက်ရှိလာရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးသောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာကြိုဆိုကြသည်။

အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များအား အမ်း-ပဒါန်း လမ်းတစ်လျှောက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက နည်းမျိုးစုံဖြင့် ပိတ်ဆို့နှောင့်ယှက်ခြင်းများ လုပ်ဆောင်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သဖြင့် အမ်းမြို့သို့ အချိန်မီရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရှိ အကျဉ်းထောင်အချို့တွင် ရေအခက်အခဲ ဆိုးရွားစွာကြုံတွေ့နေရ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၃

"မြန်မာနိုင်ငံရှိ အကျဉ်းထောင်အချို့တွင် ရေအခက်အခဲ ဆိုးရွားစွာကြုံတွေ့နေရ" ခေါင်းစဉ်ဖြင့် Irrawaddy သတင်းဌာန လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မဟုတ်မမှန်သတင်းများ ဖော်ပြလျက်ရှိသည်ကို တွေ့ရသည်။

အဆိုပါ သတင်းသည် မဟုတ်မမှန်လုပ်ကြံသတင်းသာဖြစ်ပြီး မြန်မာနိုင်ငံရှိ အကျဉ်းထောင်၊ အချုပ်ထောင်များတွင် လူဦးရေကျပ်တည်းမှုမရှိဘဲ တစ်နေ့လျှင် ရေချိုးချိန် နှစ်ကြိမ် ပေးထားပြီး စည်းကမ်းတကျ ရေချိုးခွင့်ပြုထားကာ ယနေ့အချိန်အထိ ရေပြတ်လပ်မှုမရှိဘဲ သောက်ရေ၊ သုံးရေ လုံလောက်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကျိုက်မရောဗဟိုအကျဉ်းထောင်တွင် အတ္တရံမြစ်မှ မြစ်ရေတင်စနစ်ဖြင့် ရေစစ်ကန်လေးကန်အား အဆင့်ဆင့်ဖြတ်ကျော်ပြီး အကျဉ်းထောင်အတွင်း ရေပေးပို့သုံးစွဲစေလျက်ရှိကာ မြစ်ရေတင်ပိုက်လိုင်း ဖြတ်သန်းသောလမ်းကြောင်းတွင်လည်း ဘဲမွေးမြူရေးကန်များမရှိကြောင်း၊ သောက်ရေအတွက် အကျဉ်းထောင်အတွင်း အဝီစိတွင်းများမှရရှိသော ရေများအား ရေသန့်စက်များဖြင့် သန့်စင်၍ သောက်ရေပေးဝေခြင်းအပြင် ပြင်ပရေသန့်ကားများဖြင့်လည်း အကျဉ်းထောင်အစီအစဉ်ဖြင့် သောက်ရေသန့်များ ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း၊ အကျဉ်းသားတစ်ဦးလျှင် တစ်ရက်သောက်ရေ လေးလီတာနှင့် ချိုးရေဂါလန် ၃၀ အထိ သုံးစွဲခွင့်ပေးထားကြောင်း။

အလားတူ မုံရွာအကျဉ်းထောင်တွင် သောက်ရေသုံးရေ လုံလောက်စွာရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ရေပေးဝေရေးစနစ်မှ အကျဉ်းထောင်သို့ ပိုက်လိုင်းသွယ်၍ ရေလှောင်ကန်နှစ်ကန်မှတစ်ဆင့် အကျဉ်းထောင်ရေသန့်စက်ရုံမှ ထုတ်ယူသုံးစွဲသည့်စနစ်ဖြင့် အကျဉ်းထောင်အိပ်ဆောင်များသို့ တစ်ရက်လျှင် ငါးကြိမ် ပို့လွှတ်သုံးစွဲစေလျက်ရှိကြောင်း၊ တစ်ဦးလျှင် သောက်ရေသုံးရေ သတ်မှတ်ချက်အတိုင်း သုံးစွဲခွင့်ပြုထားကြောင်း၊ ထိန်းသိမ်းထားရှိသည့် အကျဉ်းသား အကျဉ်းသူများအနက် အရေပြားယားနာဖြစ်ပွားသူများမရှိဘဲ အိပ်ဆောင်များတွင် လေဝင်လေထွက်ကောင်းမွန်ပြီး ပန်ကာများလည်း တပ်ဆင်ပေးထားခြင်းကြောင့် အပူနာများဖြစ်ပွားမှုများလည်း မရှိကြောင်း၊ အကျဉ်းထောင်ဆရာဝန်နှင့် ကျန်းမာရေးအဖွဲ့များကလည်း နေ့/ည မည်သည့်အချိန်တွင်မဆို လိုအပ်သည့် ကျန်းမာရေးဆေးဝါးကုသမှုများအား အချိန်ပြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူများထံ စိစစ်ချက်အရ သိရသည်။

ထို့ပြင် သရက်အကျဉ်းထောင်တွင် အကျဉ်းထောင်အတွင်း စက်ရေတွင်း ၁၂ တွင်း၊ ၂၇၆၀ watt ရှိနေရောင်ခြည်သုံးဆိုလာစနစ်လေးလက်မ ရေတင်စက်နှစ်လုံးတို့ရှိပြီး ၎င်းစက်ရေတွင်းများမှ သောက်ရေသုံးရေများကို အကျဉ်းထောင်အတွင်း ရေသန့်စက်ရုံများမှ အိပ်ဆောင်များသို့ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မြင်းခြံဗဟိုအကျဉ်းထောင်၊ မိတ္ထီလာအကျဉ်းထောင်နှင့် ရမည်းသင်းအကျဉ်းထောင်တို့တွင်လည်း အကျဉ်းထောင်၏ ရေသန့်စက်ရုံမှ RO စနစ်ဖြင့် အကျဉ်းသား အကျဉ်းသူများအတွက် သောက်ရေသုံးရေများကို လုံလောက်စွာဖြန့်ဝေပေးလျက်ရှိကြောင်းနှင့် သောက်ရေသုံးရေများ လုံလောက်မှုရှိသောကြောင့် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူ များ၌ အပူကန်ခြင်း၊ အရေပြားယားနာများနှင့် အပူနာခြင်းများ ဖြစ်ပွားနေခြင်းမရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူများထံ စိစစ်ချက်အရ သိရသည်။

Irrawaddy သတင်းဌာန၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြချက်သည် အကျဉ်းထောင်တာဝန်ရှိသူများကို ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ထိုးနှက်တိုက်ခိုက်သော သတင်းတု၊ သတင်းမှားများသာ ဖြစ်သည်။

**မိုးမြင့်**

# ပန်းတိုင်းခြုံကျေးရွာရှိ လုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် မေ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပန်းတိုင်းခြုံကျေးရွာရှိ လုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက မေ ၂ ရက်တွင် လာရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့တိုက်ခိုက်ခံရမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာအတွင်း ရှာဖွေစစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အဆိုပါလုံခြုံရေးတပ်စခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပန်းတိုင်းခြုံကျေးရွာနှင့် ပခုက္ကူနည်းပညာတက္ကသိုလ်သို့ သွားရောက်သည့် လမ်းလုံခြုံရေးဆောင်ရွက်ရန်ထွက်ခွာစဉ် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ကြောင်း၊ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပန်းတိုင်းခြုံကျေးရွာရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဒေသခံပြည်သူများက အထင်အမြင်လွဲမှားစေရန်နှင့် ကြောက်ရွံ့ထိတ်လန့်စေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၂၄၀ နှင့် ပထဝီဝင်ဘာသာရပ် လာရောက်ဖြေဆိုသူ ၃၇ ဦးရှိ

**နေပြည်တော် မေ ၃**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေး အခြေအနေအရ စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများကို အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီ ပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ် ဌာနများသို့ ကျောင်းသား ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲ ဖြေဆိုစေလျက်ရှိသည်။

အဆိုပါ အထူးအစီအစဉ်တစ်ရပ်အနေဖြင့်ကျင်းပသည့် တက္ကသိုလ်ဝင် စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်၌ ဖြေဆိုရန် စာရင်း ပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၂ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၄၀ ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ပထဝီဝင် ဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၉၃ ဦး ရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၉ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

အခြေခံပညာဦးစီးဌာန

၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဓာတုဗေဒ

ရက်စွဲ၊ ၃-၅-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၁ | ၅ | ၀ | ၁ | ၁ | ၄ | ၀ | ၄ | ၂၀.၀၀% | ၈၀.၀၀% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၈ | ၂၁ | ၂၉ | ၇ | ၁၇ | ၂၄ | ၁ | ၄ | ၅ | ၈၂.၇၆% | ၁၇.၂၄% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၂ | ၄ | ၆ | ၂ | ၂ | ၄ | ၀ | ၂ | ၂ | ၆၆.၆၇% | ၃၃.၃၃% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | ၀ | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၁၆ | ၂၇ | ၄၃ | ၁၀ | ၁၈ | ၂၈ | ၆ | ၉ | ၁၅ | ၆၅.၁၂% | ၃၄.၈၈% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၀၉ | ၁၈၄ | ၂၉၃ | ၄၂ | ၈၀ | ၁၂၂ | ၆၇ | ၁၀၄ | ၁၇၁ | ၄၁.၆၄% | ၅၈.၃၆% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၄ | ၇ | ၃ | ၄ | ၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၅ | ၃၃ | ၄၈ | ၁၂ | ၃၁ | ၄၃ | ၃ | ၂ | ၅ | ၈၉.၅၈% | ၁၀.၄၂% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| စုစုပေါင်း | | ၁၂ | ၁၂ | ၁၂ | ၁၅၉ | ၂၈၃ | ၄၄၂ | ၇၈ | ၁၆၂ | ၂၄၀ | ၈၁ | ၁၂၁ | ၂၀၂ | ၅၄.၃၀% | ၄၅.၇၀% | |

အခြေခံပညာဦးစီးဌာန

၂၀၂၄ ခုနှစ်၊ အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်သည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ပထဝီဝင်

ရက်စွဲ၊ ၃-၅-၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၀ | ၁၀ | ၂၀ | ၃ | ၇ | ၁၀ | ၇ | ၃ | ၁၀ | ၅၀.၀၀% | ၅၀.၀၀% | |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၁ | ၀ | ၁ | ၃ | ၃ | ၆ | ၁၄.၂၉% | ၈၅.၇၁% | |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၁ | ၁ | ၁ | ၁၁ | ၁၀ | ၂၁ | ၇ | ၆ | ၁၃ | ၄ | ၄ | ၈ | ၆၁.၉၀% | ၃၈.၁၀% | |
| ၁၁ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၁၉ | ၂၀ | ၃၉ | ၄ | ၃ | ၇ | ၁၅ | ၁၇ | ၃၂ | ၁၇.၉၅% | ၈၂.၀၅% | |
| ၁၃ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၇ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| ၁၈ | နေပြည်တော် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | | | |
| စုစုပေါင်း | | ၇ | ၇ | ၇ | ၄၅ | ၄၈ | ၉၃ | ၁၆ | ၂၁ | ၃၇ | ၂၉ | ၂၇ | ၅၆ | ၃၉.၇၈% | ၆၀.၂၂% | |



# ကရင်ပြည်နယ်ဝန်ကြီးချုပ် ယာယီပြောင်းရွှေ့ နေထိုင်သူများအတွက် ဆန်ရိက္ခာထောက်ပံ့

**ဘားအံ မေ ၃**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် အကြမ်းဖက်သောင်းကျန်းသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ဝင်ရောက်နေထိုင်၍ အကြမ်းဖက်လုပ်ငန်းများနှင့် တိုက်ပွဲများဖော်ဆောင်ခဲ့သည့်အတွက် ဒေသခံပြည်သူများက ဘားအံ၊ လှိုင်းဘွဲ့၊ မြိုင်ကြီးငူ၊ ကမမောင်းဒေသများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ မေ ၃ ရက် မွန်းလွဲ ၂ နာရီက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကထောက်ပံ့သည့် ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဘားအံမြို့ပေါ် ရပ်ကွက်(၉)ရပ်ကွက်၊ မိကရင်၊ လှာကဒေါင်၊ လှာကာ၊ အုန်းတပင်၊ လက္ခဏ၊ အိန္ဒဲ၊ ဗျက္ခ၊ စံဖရီး၊ လှာကမြင် ကျေးရွာအုပ်စုများတွင် ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၁၃၉၅ စု၊ လူဦးရေ ၅၄၉၄ ဦးအတွက် ဆန် ၃၈၆၂ အိတ် ထောက်ပံ့ပေးအပ်သည်။

ယာယီပြောင်းရွှေ့နေထိုင်သူများ စားဝတ်နေရေးကိစ္စရပ်များအဆင်ပြေစေရန် ကရင်ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီ တစ်လီတာ၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်နှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၅၉၂၈ စု၊ လူဦးရေ ၂၃၆၂၄ ဦးတို့အား ဆန် ၁၉၇၆ အိတ်၊ ဆီ ၅၉၂၈ လီတာ၊ ခေါက်ဆွဲခြောက် ၇၆၂ ဖာကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဧပြီ ၁၁ ရက်မှ ၂၃ ရက်ထိ လှိုင်းဘွဲ့ မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်သောအိမ်ထောင်စု ၁၅၃၉ စု၊ လူဦးရေ ၆၈၅၇ ဦးတို့အား တစ်ဦးလျှင် ဆန် နှစ်ဘူးနှုန်းဖြင့် သုံးလစာအတွက် စုစုပေါင်းဆန် ၆၄၂၈ အိတ်ကိုလည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် ဘားအံမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၂၃ စု၊ လူဦးရေ ၈၆၈ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန်အိတ် ၆၀၉ အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ယာယီပြောင်းရွှေ့နေထိုင်သူများအား ဆက်လက်ထောက်ပံ့ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ မေ ၃ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

**စာအုပ်စာဆောင်များ ထပ်မံဖြည့်ဆည်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အဓိကအရေးပါသည့် သစ်ပင်စိုက်ပျိုးခြင်းများကို ရပ်ကွက်/ကျေးရွာ အလိုက် စုပေါင်း၍ တစ်အုပ်တစ်မ စိုက်ခင်းများ စိုက်ပျိုးသွားရန်နှင့် ပျိုးပင်ရရှိရေးကိုလည်း ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းများ၏ ဝဲ/ယာတွင် အရိပ်ရပြီး စားသုံးနိုင်သည့် သီးပင်စားပင်များအား လမ်းဖောက်လုပ်ရာတွင် တစ်ပါတည်း စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးပြီး သစ်ပင်များရှင်သန်နိုင်ရေး ပြုစုထိန်းသိမ်းစောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းဖွင့်ရာသီအမီ ကျောင်းတွင်း/ပြင် သန့်ရှင်းသာယာလှပစေရေး၊ ကျောင်းဆောင်များ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းစာကြည့်တိုက်များတွင် သုတ/ရသစာအုပ်များအပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေး အသိပညာပေးစာအုပ်စာစောင်များ ထပ်မံဖြည့်ဆည်းပေးသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များကို Power Point ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြရာ တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်ချက်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် နမ့်စန်ခရိုင်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နမ့်စန် မေ ၃**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် တာဝန်ရှိသူများသည် မေ ၂ ရက် နံနက် ၁၁ နာရီက နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ဝမ်းပုံကျေးရွာရှိ ချယ်ရီ ဝက်မွေးမြူရေးခြံ၌ ဒေါ်နန်းမတ် မွေးမြူထားသော CP ဝက်မျိုးကောင်ရေ ၆၀၀ နှင့် နမ့်စန်မြို့ ထင်းရှူးရပ်ကွက်တွင် CP brown ဥစားကြက်ကောင်ရေ ၁၀၀၀၀ မွေးမြူထားသော ဦးဝင်းဇော်၏ ဥစားကြက်ခြံနှင့် နှစ်ရှည်သီးနှံ (မက္ကဒေးမီယား) စံပြသုတေသနစိုက်ကွက် ခြောက်ဧကအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။



ထို့နောက် နမ့်စန်လေတပ် တပ်နယ်ခန်းမတွင် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းတို့က စစ်မှုထမ်းဟောင်းအဖွဲ့အား စားသောက်ဖွယ်ရာ ပစ္စည်းများ ချီးမြှင့်ပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နမ့်စန်လေတပ်စခန်းရှိ တပ်နယ်ခန်းမတွင် လေကြောင်း လူငယ်အခြေခံ သင်တန်း (၁/၂၀၂၄) သင်တန်းသား သင်တန်းသူများ သင်တန်းတက်ရောက် သင်ကြားနေမှုကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကား ပြောကြား၍ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံရာ နမ့်စန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက နမ့်စန်မြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပညာရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး နမ့်စန်မြို့နှင့် မိုးနဲမြို့အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်လုပ်ငန်းများ ဖြစ်သော ဒေသထွက်ကုန်ပစ္စည်းများ ပြခန်းကို ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် လင်းခေးခရိုင် လင်းခေးမြို့နယ်ရှိ ဒါးဆိပ်-နောင်လုံ-ဝမ်စစ် လမ်း ၁၂/၀ မိုင် အနက် ၂/၀ မိုင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ဒါးဆိပ် မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လင်းခေး တပ်နယ် အောင်ဆန်းခန်းမတွင် စစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စစ်မှုထမ်းဟောင်းအဖွဲ့အား စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊အစည်းအဝေးခန်းမတွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ လမ်းညွှန်အမှာစကားပြောကြား၍ စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ချွေတာရေး၊ ကျန်းမာရေးအတွက် ဆီလျှော့စားကြရအောင်

ခင်သန်းမြင့်



ဒီရက်ပိုင်း ရာသီဥတုက ပူလွန်းတော့ ဆီပြန်ဟင်းတွေထက်စာရင် ကင်ပွန်းချဉ်ရွက်ဟင်း၊ ကင်ပွန်းချဉ်ရွက်ကြော်၊ မန်ကျည်းရွက်ချဉ်ဟင်း၊ မန်ကျည်းရွက်သုပ်လေးတွေနဲ့စားရတာ ပိုပြီး ထမင်းမြိန်လိုက်တာ။ မန်ကျည်းရွက်က တစ်ပုံငါးရာ၊ ကင်ပွန်းချဉ်က တစ်ထောင်ဖိုး လေးစီး။ တောရွာတွေမှာတော့ မန်ကျည်းတို့၊ တမာတို့က မြို့မှာလို ဝယ်စားဖို့မလို။ ရွက်ဟောင်းကြွေညောင်း၊ ရွက်သစ်ပြောင်းပြီဆိုရင်ဖြင့် စားလို့မကုန်၊ ခူးလို့မကုန်နိုင်အောင်ပါ။ တက်နိုင်သူ ခူးစားပေရော့ပဲ။

ပြီးတော့ မန်ကျည်းရွက်သုပ်ဆိုလည်း ကျွန်မတို့မြို့ကြီးပြကြီးတွေကလို ပုစွန်ခြောက်၊ စိမ်းစားငံပြာရည်၊ အချိုမှုန့်၊ ကြက်သွန်ဥကြီးနိုင်နိုင်၊ ဆီရွှဲရွှဲဆမ်းပြီးသုပ်တာမျိုး မဟုတ်ဘူး။ လတ်လတ်ဆတ်ဆတ် မန်ကျည်းရွက်နုနုထွေးထွေးလေးတွေကို ဆီမပါ၊ ပုစွန်ခြောက်မပါဘဲ ကြက်သွန်စိမ်းရယ်၊ ဆားရယ်၊ ပဲကြီးဟင်းအနှစ်ရယ်နဲ့ပဲ ရောနယ်သုပ်တာ။ အစပ်အဟပ်တည့်အောင် ပုစွန်ငါးပိရယ်၊ ငရုတ်သီးလေးစိတ်ကွဲထောင်းရယ်ကို ဆီပူတိုက်ကြော်ထားတဲ့ ငါးပိကြော်လေးရယ်၊ ပဲကြီးဟင်းရေလုံပြုတ်ရယ်နဲ့ဆို တောသူတောင်သား သူတို့အဖို့ ခေါင်းမဖော်နိုင်အောင် ထမင်းမြိန်လိုက်ကြတာ ဖြစ်ချင်း။

**ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှတမှု**

ပြောရမယ်ဆိုရင် ကျွန်မတို့ ဘိုးဘွားမိဘများခေတ်က လူနေမှုဘဝ နေထိုင်နည်းက အင်မတန်မှ ရိုးရှင်းပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရမျှတမှုရှိကြတယ်။ အကုသိုလ်ကံ ဒုစရိုက်တွေကို တတ်နိုင်သမျှရှောင်ရှားပြီး ကုသိုလ်ကံသုစရိုက်တွေကိုပဲ တတ်အားသရွေ့ ပြုလေ့ရှိကြတယ်။ လောဘ၊ ဒေါသ၊ မောဟတရားတွေနည်းပါးတော့ စိတ်နှလုံးကလည်း ငြိမ်းချမ်းကြတယ်။ ဥတု၊ အာဟာရနဲ့လည်း မျှတအောင်နေထိုင်စားသောက်လေ့ရှိတဲ့အတွက် ကျွန်မတို့ ဘိုးဘွားမိဘများခေတ်ကာလမှာ လူတိုင်းနီးပါး လူ့သက်တမ်းစေ့ နေထိုင်နိုင်ခဲ့ကြပါတယ်။

ကျွန်မ မိဘနှစ်ပါးဆိုရင်လည်း အသက် (၉၀) ကျော် အရွယ်အထိ ကျန်းကျန်းမာမာ နေထိုင်နိုင်ခဲ့ကြပြီး မကြာခင်နှစ်များအတွင်းကမှ ဆုံးပါးသွားခဲ့ကြတာ ဖြစ်ပါတယ်။ မှတ်မိသေးတယ်။ ကျွန်မတို့ငယ်ငယ်က အမေဟင်းချက်ရင် ဆီနည်းနည်းနဲ့ ဆီကျန်ရေကျန်ပဲ။ ပြီးရင် ချဉ်ရည်ဟင်းတစ်ခွက် အမြဲပါတယ်။ အမေချက်တဲ့ ချဉ်ပေါင်ဟင်းကိုတော့ ကျွန်မအကြိုက်ဆုံးပါ။ ထမင်းဆိုလည်း အခုခေတ်လို ထမင်းပေါင်းအိုးတွေ မပေါ်သေးတော့ မီးသွေး၊ ထင်းတို့နဲ့ တည်ပြီး ငှဲ့ချက်ထားတဲ့ထမင်းပါ။

ကျွန်မတို့ အရွယ်ရောက်လာတဲ့ ဒီဘက်ခေတ်တွေမှာတော့ ဃရာဝါသော ဗဟုကိစ္စောဆိုတဲ့အတိုင်း လူ့ဘောင်က ဗဟုကိစ္စတွေက ပိုပြီးမြားမြောင်လာတယ်။ စားသုတ်သုတ် သွားသုတ်သုတ် ခေတ်ကြီးဖြစ်လာတယ်။ ထမင်းဆိုလည်း ပေါင်းအိုးနဲ့အလွယ်တကူချက်၊ ဟင်းဆိုလည်း တစ်ခါတလေ ထမင်းဝိုင်းမှာဆီပြန်ဟင်းတစ်ခွက်ပဲ။ အစာလည်း ဆေး၊ ဆေးလည်း အစာဆိုပြီး မတွေးနိုင်အားတော့ဘူး။

အကျိုးဆက်က နေထိုင်မကောင်းလို့ ဆေးစစ်ကြည့်မှ သိတော့တယ်။ သွေးထဲမှာ ကိုလက်စထရောအဆီတွေများနေလို့ နေ့ဘက်သွေးကျဲဆေး၊ ညဘက်သွေးအဆီကျဆေးတွေ လနဲ့ချီ သောက်နေလိုက်ရတာ အခုအချိန်အထိပါပဲ။ မသောက်လို့လည်းမဖြစ်ပါဘူး။ ဆရာဝန်က ကျွန်မ မိုက်ခနဲ ခေါင်းငိုက်စိုက်ဖြစ်သွားတဲ့ အကြောင်းရင်းက ဆေးစစ်ချက်အရ အဆီခဲတစ်ခုက သွေးကြောနံရံက ပြုတ်ထွက်ပြီး အခြားသွေးကြောမှာ သွားရောက်ပိတ်ဆို့သလို ဖြစ်သွားတဲ့အတွက် လေဖြတ်သလိုမျိုး ဖြစ်သွားတာတဲ့။ ဒါကြောင့် သွေးကျဲဆေးနဲ့ သွေးအဆီကျဆေးတွေကို နေ့စဉ်မှန်မှန် မှီဝဲနေရပြီး ခြောက်လတစ်ကြိမ် သွေးပြန်စစ်နေရပါတယ်။

**သွေးထဲမှာ ကိုလက်စထရောများတဲ့ အန္တရာယ်**

ဆေးပညာရှုထောင့်အရ သွေးထဲမှာ ကိုလက်စထရောများတဲ့ အန္တရာယ်ကလည်း မသေးလှပါဘူး။ အဆီအခဲတွေ စားသုံးမှု လိုတာထက်ပိုနေရင် ကိုလက်စထရောအနှစ်တွေဟာ သွေးကြောတွေရဲ့ အတွင်းနံရံမှာ တွယ်ကပ်လာတယ်။ ချေဖျက်ဖို့ခက်ခဲတဲ့ အခဲလေးတွေဖြစ်လာမယ်။ ပြီးရင် သွေးကြောလေးတွေကို ကျဉ်းမြောင်းစေပြီး သွေးသွားလာမှုကို နှေးစေ၊ ပိတ်စေတဲ့အတွက် သွေးကြောမာခြင်းကိုဖြစ်ပေါ်စေတယ်လို့ဆိုတယ်။

ဒီဖြစ်စဉ်ကြောင့် အောက်ဆီဂျင်နဲ့ အာဟာရတွေ တဖြည်းဖြည်းလျော့ကျပြတ်တောက်လာတဲ့အခါ နှလုံးကြွက်သားတွေနာကျင်မှုကိုဖြစ်စေပြီး နှလုံးအောင့်ခြင်းကို ခံစားရမယ်လို့ ဆိုတယ်။ ဒါ့အပြင် အဆီခဲများ သွေးကြောနံရံက ပြုတ်ထွက်ပြီး အခြားသွေးကြောများမှာ သွားရောက်ပိတ်ဆို့ခြင်းကြောင့် လေဖြတ်ခြင်း၊ နှလုံးနာကျင်ခြင်း၊ နှလုံးခုန်ရပ်ပြီး ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပွားတတ်တယ်လို့လည်း သိရတယ်။

ဒါကြောင့်မို့ ဆီပြန်ဟင်းမှ ဟင်းကောင်းလို့ထင်နေကြတဲ့ ကျွန်မတို့အဖို့ ဆီစားသုံးမှုကို လိုသည်ထက်ပိုပြီး မစားသုံးဖို့၊ အထူးသဖြင့် ကိုလက်စထရော အများအပြားပါဝင်တဲ့ တိရစ္ဆာန်အဆီတွေဖြစ်တဲ့ အမဲဆီ၊ ဝက်ဆီ၊ ထောပတ်၊ မလိုင်မထုတ်ရသေးတဲ့ နွားနို့၊ ဒိန်ခဲ၊ ရေခဲမုန့်၊ အုန်းနို့၊ အုန်းဆီနဲ့ စားအုန်းဆီတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ဖို့ လိုအပ်ပါတယ်။

**ပုံမှန်သုံးစွဲသင့်တဲ့ ပမာဏထက် ပိုမိုသုံးစွဲနေတာကို လေ့လာတွေ့ရှိ**

ကျန်းမာရေးသုတေသန စစ်တမ်းတစ်ခုမှာလည်း ကျန်းမာရေးအရ လူတစ်ဦးအတွက် တစ်နေ့လျှင် လက်ဖက်ရည်ဇွန်း ခြောက်ဇွန်းခန့် (၁ ဒသမ ၈ ကျပ်သား)၊ တစ်လလျှင် ၅၄ ကျပ်သားခန့်သာ ဆီစားသုံးသင့်ကြောင်း၊ မြန်မာနိုင်ငံမှာတော့ လူတစ်ဦးအတွက် ဆီစားသုံးမှုနှုန်းက တစ်နေ့လျှင် ၂ ဒသမ ၂၅ ကျပ်သား၊ တစ်လလျှင် ၆၈ ကျပ်သား စားသုံးနေတဲ့အတွက် ပုံမှန်သုံးစွဲသင့်တဲ့ ပမာဏထက် ပိုမိုသုံးစွဲနေတာကို လေ့လာတွေ့ရှိရတယ်လို့ ဆိုပါတယ်။

**အရည်အသွေး မပြည့်မီတဲ့ဆီများ စားသုံးခြင်း**

ဆီကိုစားသုံးသင့်တဲ့ ပမာဏထက် ကျော်လွန်စားသုံးခြင်းနဲ့ အရည်အသွေး မပြည့်မီတဲ့ဆီတွေ စားသုံးခြင်းဖြင့် နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စတဲ့ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေ ဖြစ်ပေါ်ခံစားနိုင်တဲ့အတွက် ဆီစားသုံးမှုကို အတတ်နိုင်ဆုံး လျှော့ချစားသုံးသင့်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ အရည်အသွေးပြည့်မီတဲ့ဆီနဲ့ ၎င်းဆီနဲ့ ပြုလုပ်ထားတဲ့ အစားအစာတွေကိုသာ ချင့်ချိန်စားသုံးသင့်ကြောင်းလည်း ဖော်ပြခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ဆီစားသုံးမှုလျှော့ချရေးအတွက် စားသုံးမှုပုံစံကို ပြောင်းလဲရန် အလွန်အရေးကြီးကြောင်း၊ ဆီကိုလူတစ်ဦးစားသုံးသင့်သည့်ပမာဏသာအသုံးပြုခြင်း၊ ဆီကုန်သက်သာစေသည့် ဟင်းလျာများ ချက်ပြုတ်စားသုံးခြင်း၊ အကြွပ်အကြော် အစားအစာများ ချက်ပြုတ်စားသုံးမှုမှ ရှောင်ကြဉ်ခြင်းအပြင် ပြန်ကြော်ဆီကို ထပ်ကာထပ်ကာ အသုံးပြုခြင်းဟာ ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေတဲ့အတွက် ဆီကုန်သက်သာစေမယ့် ရည်ရွယ်ချက်နဲ့ ဆီကိုထပ်ကာထပ်ကာအသုံးပြုပြီး ကြော်ချက်ခြင်းမပြုလုပ်ဖို့ကိုလည်း သတိပေးနှိုးဆော်ထားပါတယ်။

ကျန်းမာရေးပညာရှင်များကလည်း **“လူတွေနေ့စဉ်စားသုံးတဲ့ အစားအစာတွေထဲမှာ ဆီပါဝင်တာများမယ်၊ ဆီကြော်တွေအစားများမယ်ဆိုရင် ရောဂါမျိုးစုံဝင်လာတတ်တယ်။ ဒီလိုအဆီစားသုံးတာနဲ့ တခြားအကြောင်းအရာတွေပေါင်းပြီး ဆိုးရွားတဲ့ကျန်းမာရေးပြဿနာတွေ ကြုံလာရနိုင်လို့ အဆီကို လျှော့စားဖို့ လိုကြောင်း”** အကြံပြုထားပါတယ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း **“ဆီစားသုံးမှုလျှော့ချခြင်းအားဖြင့် တစ်ဖက်က ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုမှာဖြစ်သလို ပြည်ပကနေပြီးတော့ ဆီဝယ်ယူမှုအတွက် သုံးစွဲနေရတဲ့ နိုင်ငံခြားငွေလည်း များစွာလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မိဘပြည်သူများအနေနဲ့ ဆီစားသုံးမှုကို ကျန်းမာရေးအမြင်အရ သော်လည်းကောင်း၊ နိုင်ငံရဲ့ လိုအပ်ချက်အရသော်လည်းကောင်း၊ ဒါကိုကြပ်ကြပ်မတ်မတ် ထိန်းသိမ်း စားသုံးနိုင်ဖို့အတွက်လည်း ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်”**လို့ ပြည်သူလူထုကို ပြောကြားသည့်မိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

**ပြည်ပက စားအုန်းဆီတန်ချိန် ရှစ်သိန်းကျော် တင်သွင်း**

မြန်မာနိုင်ငံဟာ ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းစတဲ့ ဆီထွက်သီးနှံတွေကို ပြည်ပသို့တင်ပို့မှုရှိသော်လည်း ပြည်တွင်းလိုအပ်ချက်အရ စားသုံးဆီကို ပြည်ပမှတင်သွင်းနေရပါတယ်။ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပက စားအုန်းဆီတန်ချိန် ရှစ်သိန်းကျော်တင်သွင်းခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၈၃၀ ကျော်တယ်လို့ သိရပါတယ်။ လက်ရှိမှာလည်း တစ်နှစ်ထက်တစ်နှစ် လျော့ကျသွားခြင်းမရှိဘဲ တန်ချိန်များစွာတိုးတက်တင်သွင်းနေရဆဲပါ။

မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပဲပုပ်၊ နေကြာနဲ့ ဆီအုန်းစိုက်ပျိုးမှုမှ ဆီထုတ်လုပ်မှုများလည်းရှိနေတာကြောင့် ပေါင်းစပ်ကြည့်မယ်ဆိုရင် ဆီစားသုံးမှုဟာ များပြားနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ လူတစ်ဦးချင်းရဲ့ ကျန်းမာရေးအရ သော်လည်းကောင်း၊ မိသားစုရဲ့ မီးဖိုချောင်အသုံးစရိတ်ကို ခြိုးခြံချွေတာရေးအရ သော်လည်းကောင်း၊ နိုင်ငံ့စီးပွားရေးအရ သော်လည်းကောင်း ကျွန်မတို့တစ်တွေ ဆီလျှော့စားကြရအောင်။ ။

**✻ ဆေးပညာရှုထောင့်အရ သွေးထဲမှာ ကိုလက်စထရောများတဲ့ အန္တရာယ်ကလည်း မသေးလှပါဘူး။ အဆီအခဲတွေ စားသုံးမှု လိုတာထက်ပိုနေရင် ကိုလက်စထရောအနှစ်တွေဟာ သွေးကြောတွေရဲ့ အတွင်းနံရံမှာ တွယ်ကပ်လာတယ်။ ချေဖျက်ဖို့ခက်ခဲတဲ့ အခဲလေးတွေဖြစ်လာမယ်။ ပြီးရင် သွေးကြောလေးတွေကို ကျဉ်းမြောင်းစေပြီး သွေးသွားလာမှုကို နှေးစေ၊ ပိတ်စေတဲ့အတွက် သွေးကြောမာခြင်းကို ဖြစ်ပေါ်စေတယ်လို့ဆို**

**✻ ဆီပြန်ဟင်းမှ ဟင်းကောင်းလို့ထင်နေကြတဲ့ ကျွန်မတို့အဖို့ ဆီစားသုံးမှုကို လိုသည်ထက်ပိုပြီး မစားသုံးဖို့ အထူးသဖြင့် ကိုလက်စထရော အများအပြားပါဝင်တဲ့ တိရစ္ဆာန်အဆီတွေဖြစ်တဲ့ အမဲဆီ၊ ဝက်ဆီ၊ ထောပတ်၊ မလိုင်မထုတ်ရသေးတဲ့ နွားနို့၊ ဒိန်ခဲ၊ ရေခဲမုန့်၊ အုန်းနို့၊ အုန်းဆီနဲ့ စားအုန်းဆီတွေကို တတ်နိုင်သမျှ ရှောင်ကြဉ်ဖို့လို**



## (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အကျိုးပြုလုပ်ငန်းများဆောင်ရွက်

မလှိုင် မေ ၃

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနက မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌဒေါ်သုသုခင်နှင့် ကော်မတီဝင်များက အမှတ်(၂)ရပ်ကွက်ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်းနှင့် ရင်ပြင်တော်၌ သန့်ရှင်းရေးများ အကျိုးပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်မီးသတ်

## ဓနုဖြူမြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဓနုဖြူ မေ ၃

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မီးသတ်ဦးစီးဌာနမှ မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၂ ရက်က အမှတ်(၁၀)ရပ်ကွက်ရှိ သမိုင်းဝင်ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ဘုရားဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင် ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များပူးပေါင်းပြီး သမိုင်းဝင်ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး ရင်ပြင်ပေါ်နှင့် တန်ဆောင်းအတွင်း တံမြက်စည်းလှည်းခြင်း၊ ရေဖြင့်ဆေးကြောခြင်းများ ဆောင်ရွက်ခဲ့ပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။


**(၁၀-၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာမှ Farmer Auto Trading Company Limited ၏ ဒါရိုက်တာ ဦးစိုးဝင်းနိုင်နှင့် အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ သုနန္ဒာတိုးချဲ့ VIP အမှတ်(၄၅)နေ ဦးဇော်မင်းထွန်း[၁၂/ဥကမ(နိုင်)၂၆၃၀၁၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးဇော်မင်းထွန်းသည် Farmer Auto Trading Company Limited မှ ဝယ်ယူခဲ့သော EV Atto 3 White ကို တန်ဖိုးငွေအပြေအကျေပေးချေကာ လက်ခံရရှိခဲ့ပြီးဖြစ်၍ (၁၀-၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၌ အထက်ပါ ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးစိုးဝင်းနိုင်နှင့် အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန် (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၀၀)**
**ရုံးခန်း၊ အမှတ်(၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ (၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**



**ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အမှတ် – ၇၁ ဟုခေါ်တွင်သော (၇)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်၊ အလျား- ၂၃ ပေ x အနံ- ၄၈ ပေ အကျယ်ရှိ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

အထက်ဖော်ပြပါလိပ်စာရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်မီမီကျော်ဝင်း [၁၂/ကမရ (နိုင်) ၀၄၈၈၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်- ၆၇၀၂**
**တိုက်အမှတ်- ၂၁၄၊ Min Ye Kyaw Swar Residence, အခန်း- ၂၀၂၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**


## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အထက(၁)၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် မေ ၃

သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။



**အသိပညာပေးဟောပြော**

ထိုသို့ ဟောပြောရာတွင် သဃ်န်းကျွန်း မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက ကျောင်းသား ကျောင်းသူများကို သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ထိန်းသိမ်းခြင်း၊ သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ အစရှိသည့် ခေါင်းစဉ်များဖြင့် အသိပညာပေး ဟောပြောခဲ့ရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၈၀ အား သဃ်န်းကျွန်း မြို့နယ် သစ်တောဦးစီးဌာန ရွာသာကြီး အမြဲတမ်းပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသည့် ပျိုးပင်များအကြောင်းနှင့် နည်းလမ်းတကျ သစ်ပင်စိုက်ပျိုးခြင်း အခြေခံနည်းစနစ်တို့အား သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၄-၅-၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ်(၁၈)တွင် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို သဘာဝဘေးအန္တရာယ်မှ ကူညီကာကွယ်စောင့်ရှောက်ပေးသော မီးသတ်သမားကြီးများအကြောင်း လေးစားအားကျဖွယ်ရာ တင်ဆက်ထားသည့် "စွန့်စွန့်စားစား မီးသတ်သမား" မျက်နှာဖုံးကာတွန်း၊ Omega-3 fatty acid ပါဝင်သော ငါးကို ပုံမှန်စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရရှိစေကြောင်း တင်ဆက်ထားသည့် "ကလေးငယ်များ ကျန်းမာရေး ငါးစားသုံးပေး" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ"ကဏ္ဍ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးသီးနှံပင်များကို ကိုယ်တိုင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးကို တင်ဆက်ထားသည့် "ဆူးက လေး-စိုက်ပျိုးခင်းရဲ့ ကျေးဇူး" နှစ်မျက်နှာကာတွန်း၊ ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးသည့် အိုဇုန်းလွှာ ပါးမသွားစေရန်နှင့် ပေါက်မသွားစေရန် လူတိုင်းတွင်တာဝန်ရှိကြောင်း ရေးဖွဲ့ထားသည့် "နေမင်းကြီးပြောတဲ့ အိုဇုန်းလွှာ"ပုံပြင်ကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နှင့် ကျေးငှက်တိရစ္ဆာန်များကို ကလေးငယ်တို့ချစ်ခင်တတ်စေရန်၊ တန်ဖိုးထားစောင့်ရှောက်တတ်စေရန် တင်ဆက်ထားသည့် "နံနက်ချိန်ခါ ငှက်တေးသာ"ဝတ္ထုတိုကဏ္ဍ၊ စံပြကြက်ခြေနီအသင်းသားများ၏ မွန်မြတ်သော စိတ်ထားနှင့် မြင့်မြတ်သော ဆောင်ရွက်ချက်များအကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ(ပျော်ဘွယ်)၏ "စံပြကြက်ခြေနီ"ကဗျာကဏ္ဍအပါအဝင် ဆေးရောင်ခြယ်ကဏ္ဍနှင့် အင်္ဂလိပ်စကားဝိုင်း ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





အား
ကစား
မြင့်
တင်
စိတ်
လန်း
ရွှင်
ဆန့်
ကျင်
မူး
ယစ်
ဆေး



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ-၆၃)၊မြေကွက်အမှတ်(၁၇၀/ခ)၊ အကျယ်အဝန်း (အလျား ၂၀' x အနံ ၆၀') ရှိ ဒေါ်သန်းအမည်ပေါက် မြေချပါမစ်မြေအမျိုးအစားနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိလတ် (၁၂/အစန (နိုင်) ၁၈၉၉၀၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်အေး (၁၂/ကမရ (နိုင်) ၀၂၂၅၈၀)က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်တင်ဇာမင်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၈၄)
ဖုန်း - ၀၉ ၇၉၅၅၄၅၈၄၄



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄) ရပ်ကွက်၊ သံသုမာလမ်း၊ သုဝဏ္ဏအဆင့်မြင့်အိမ်ရာ၊ တိုက် (၅)၊ မြေညီထပ်၊ အခန်းအမှတ်(၀၁)၊ အကျယ်အဝန်း ( ၂၅ ပေ x ၆၀ ပေ ) ဟု ခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်မိုးအောင် [၁၂/ကမရ(နိုင်)၀၆၃၅၄၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ၊ မြေနှင့်အဆောက်အဦအမှတ်– Star Villas– Villa 38၊ ခန့်မှန်းမြေကွက်ဧရိယာ (၆၄၀၁)စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁) ဦးဇွဲဇာနည်ကျော် [၁၂/လသယ(နိုင်)၀၅၄၇၃၂]၊ (၂) ဒေါ်နန္ဒာကျော်သိန်း [၁၂/ပဇတ(နိုင်)၀၃၆၂၈၄]တို့အမည်ဖြင့် ပူးတွဲလက်ဝယ်ပိုင်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်ကိုကိုဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၉၄၇၄)**
**တိုက်(၁)၊ ကွမ်းခြံ(၂)လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၂၁၁၆၉၄၆၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၃၆ အိပ်ချ်၊ မြေကွက်အမှတ်–၃၅ အီး/၁ ဘီ ၂ ၊ ဧရိယာ(၀.၃၈၁)ဧက၊ မြေကွက်တည်နေရာ အမှတ်(၈၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးတင်ဝင်း [၁၂/မရက(နိုင်)၀၅၃၃၉၆] အမည်ပေါက်၊ မြေပိုင်မြေ အား အမည်ပေါက်(ဖခင်/အဘိုး) ဦးတင်ဝင်းသည် (၈–၁–၂၀၂၀) ရက်နေ့နှင့် (မိခင်/အဘွား) ဒေါ်စန်းဝင်းသည် (၁၇–၅–၂၀၂၃)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် သားသမီးများဖြစ်သော ဒေါ်ခင်သန္တာဝင်း၊ မောင်အောင်ကိုကိုဝင်း၊ ဦးရဲထွဋ်ဝင်း၊ ဒေါ်နီနီရွှေဝင်း၊ ဦးညိုနိုင်ဝင်းတို့(၅)ဦးအား မွေးဖွားခဲ့ပြီး ၎င်းတို့အနက် ဦးရဲထွဋ်ဝင်းသည် (၁၈–၁၀–၂၀၀၃)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ဦးအောင်ကိုကိုဝင်းသည် (၂၄–၉–၂၀၁၄) ရက်နေ့နှင့် ၎င်း၏ဇနီး ဒေါ်မေခိုင်အေးသည် (၁၇–၁၁–၂၀၁၃)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ သားသမီး(၂)ဦးဖြစ်သော ဦးဟိန်းနန္ဒာဝင်း[၁၂/မရက(နိုင်)၁၉၁၅၁၁]၊ ဒေါ်အိချယ်ရီဝင်း[၁၂/မရက(နိုင်)၁၉၁၅၁၀]တို့မှ ကျန်သားသမီး(၃)ဦးဖြစ်သော ဒေါ်ခင်သန္တာဝင်း[၁၂/မရက(နိုင်)၁၀၈၃၃၃]၊ ဒေါ်နီနီရွှေဝင်း [၁၂/မရက(နိုင်)၁၆၈၃၅၄]၊ ဦးညိုနိုင်ဝင်း [၁၂/ဗဟန(နိုင်)၁၀၃၂၁၆]တို့နှင့်ပူးတွဲ၍ ဧရိယာ(၀.၃၈၁)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခန့်မှန်းဧရိယာ (၀.၃၃၃)ဧကအား သားသမီးနှင့် မြေးများဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံရန် မွေးစားသားသမီးမရှိကြောင်း ပန်းဘဲတန်းမြို့နယ် တရားရုံးမှတ်ပုံတင် အမှတ်– ၇၆၈/၂–၄–၂၀၂၄ ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၁)စောင်၊ ထောက်ခံ ကတိသစ္စာပြုလွှာ(၁)စောင်၊ ဦးတင်ဝင်း၊ ဒေါ်စန်းဝင်း၊ ဦးရဲထွဋ်ဝင်း၊ ဦးအောင်ကိုကိုဝင်း၊ ဒေါ်မေခိုင်အေးတို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမှားပြင်စာချုပ်အမှတ်–၄၂၇၉/၂၀၁၂(၁၀–၉–၂၀၁၂)၊ ဦးတင်ဝင်းမှ အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်သို့ ဧရိယာ(၀.၃၈၁)ဧကအနက်မှ ဧရိယာ(၀.၀၅၇)ဧကအား ရောင်းချသည့် အရောင်းအဝယ်စာချုပ်အမှတ်–၁၇၁၀/၂၀၁၃ (၃–၅–၂၀၁၃) မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ၂၀၁၃ ခုနှစ်က ထုတ်ယူထားသော အရောင်းမြေပုံအားရောင်းချထားခြင်း၊ စာချုပ်ချုပ်ဆိုခြင်းမပြုခဲ့ဘဲ အမှန်တကယ်ပျောက်ဆုံးနေကြောင်း၊ ပြဿနာတစ်စုံတစ်ရာမရှိကြောင်း (၁၀–၄–၂၀၂၄)ရက်နေ့ ဝန်ခံကတိပြုစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ၊ မြို့မကျေးရွာအုပ်စု၊ ဆန်ဆိုင်းရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင် အမှတ်(၂/က)၊ မြေဧရိယာ(၀.၂၃၁)ဧကရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်လက်ဝယ်ထားရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းနွမ်း [၁၃/ ကတန(နိုင်)၀၈၂၂၃၁]သို့ ဘဒ္ဒန္တဓမ္မသီရိက(၂၂–၇–၂၀၀၈)ရက်တွင် မြေပေးကမ်းစွန့်လွှတ်ခြင်းကတိစာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေက မြို့မြေငှားဂရန်အမည်ပြောင်းလဲခွင့် လျှောက်ထားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြေညာချက် ပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး
LL.B, D.B.L, D.L.L
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
ဖုန်း–၀၉–၅၅၀၆၁၄၆၊ ၀၉–၄၅၅၅၀၆၁၄၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကျွန်းချောင်း(၁)လမ်း (ခ) ကွမ်းခြံ(၁)လမ်း၊ (၈)ခန်းတွဲ(၄)ထပ်အဆောက်အအုံ၊ တိုက်အမှတ်–(၁၅/၂၁)၊ မြေညီထပ်၊ အခန်းအမှတ်(၀၀၆)၊ အကျယ်အဝန်း–(အလျား–၁၂၃'x အနံ–၅၀')ရှိသည့် တိုက်ခန်းနှင့် ကိုယ်ပိုင်လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၌ ဦးသက်ရှည်[၁၂/အစန(နိုင်)၀၂၄၅၆၇]၊ ဒေါ်မြင့်မြင့်သူ [၁၂/အစန(နိုင်)၀၂၄၅၆၈] ကိုင်ဆောင်သူ အမည်ပေါက်တို့ထံမှ (၃–၄–၂၀၁၉) ရက်နေ့ ဟံသာရိပ်မွန်အိမ်ရာ တိုက်ခန်းကို အပြီးအပိုင်လွှဲပြောင်း အရောင်းအဝယ်ပြုလုပ်ခြင်း သဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ညိုညိုသင်း [၁၀/မဒန(နိုင်)၀၃၁၃၄၁]၊ ဒေါ်သီသီထွန်း [၁၀/မဒန(နိုင်)၁၁၀၅၇၈] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည့်အတွက် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မေပြည့်စုံ (ခ) ဒေါ်ပွင့် (LL.B, DBL, DIL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၀၉၃)**
**အမှတ်–၅၅၊ အခန်း(၁၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၁၂၅၇၉၅ ၊ ၀၉–၇၆၅၀၅၃၄၂၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး–လှိုင်သာယာ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး–လှိုင်သာယာ၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆေးရုံကြီးသို့ အရေးပေါ်လာရောက်ပြသသော လူနာများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသောလူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်း၊ Consumable များ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများ၊ ခွဲစိတ်မှန်ပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် | – (၆–၅–၂၀၂၄) |
| ၂။ | တင်ဒါဖောင်ပိတ်မည့်ရက် | – (၂၄–၅–၂၀၂၄) |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး–လှိုင်သာယာ၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး–လှိုင်သာယာ**
**ဆက်သွယ်ရမည့်ဖုန်းနံပါတ်–09–5017191၊ 09–448022079**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဂရုဏာရှင်လမ်း၊ အမှတ်–မ/၂၉ ဟုခေါ်တွင်သော (၂) ခန်းတွဲ၊ (၄)ထပ်တိုက်၏ တတိယထပ်(ခြေရင်း)ဘက်ရှိ (၁၁၃'x ၄၈') တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်မိုးမိုးခမ်း [၁၄/အမန(နိုင်)၀၀၀၉၆၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မိုးမိုးဝေ [၈/တတက(နိုင်)၀၀၀၀၆၁]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဇင်မာထွန်း (LL.B, D.B.L)** | **ဦးထွန်းလင်းကျော် (LL.B, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၀၀၇၃)** | **(စဉ်–၁၃၀၁၅)** |

**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း–၀၉–၄၄၈၀၀၈၇၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၄၈၁)ဟုခေါ်တွင်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ခါတော်မီ(၁)လမ်း၊ အမှတ်(၄၈၁)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ နှစ်(၆၀) မြေငှားဂရန်တွင် ဒေါ်သင်းသင်းအေး [၁၂/မဂတ(နိုင်)၀၅၆၅၈၈]အမည်ဖြင့် တည်ရှိနေပြီး ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သီတာထွန်း [၁၂/လမတ(နိုင်)၀၀၁၁၉၈]က အထက်ပါအိမ်နှင့်မြေအား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာမင်း**
**LL.B,D.B.L, D.M.L, D.I.L, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၅၄၀)**
**အမှတ်(၄၂၉)၊ သုမိတ္တာ (၁၁)လမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ခြံအမှတ်(၆)၊ ပြည်တော်သာလမ်း၊ (င/ခ) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၀၁၃၁၂၇**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၃၂/စီ™၊ လူနေရပ်ကွက်အမှတ်–ဉာဏ၊ မဥ္ဇူလမ်း၊ မြေကွက်အမှတ်–၁/၁၉–၁၂၊ အကျယ်ပေ(၄၀x၆၀)ရှိ ဦးညီညီဇော် အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ဂရန်အမည်ပေါက်ပိုင်ရှင် ဦးညီညီဇော် [၁၂/အစန(နိုင်)၀၆၉၉၅၃] မှ ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းရီ [၁၃/တယန(နိုင်)၀၇၄၉၀၂] မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမင်းရီ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၃/တယန(နိုင်)၀၇၄၉၀၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၅၂)** |
| **နမ့်မူဆယ်ရွာ၊ တန့်ယန်းမြို့၊** | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **ရှမ်းပြည်နယ်။** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း–၀၉–၅၁၈၉၆၈၉** |

## အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အ.မ.လ.က (၂)၊ Grade(5)မှ (အဖ) ဦးထိန်ဝင်း [၁၀/ရမန (နိုင်) ၀၀၄၀၂၆] ၏ သမီး မထိပ်ထားအောင်အား မအိမိုးသဒ္ဒါဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမိုးသဒ္ဒါ**

## အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အစင်စံပြကျေးရွာ၊ မူလွန်(အစင်)၊ Grade(5)မှ (အဖ) ဦးဝင်းဇော် [၁၄/ဒဒရ(နိုင်)၁၂၇၄၆၅ ]၏သမီး မအိမ့်ခြူးခြူးချစ်အား မအင်ကြင်းစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအင်ကြင်းစံ**

## အမည်ပြောင်း

ရေးခရိုင်၊ ရေးမြို့၊ အ.ထ.က (၃)၊ Grade(2)မှ (အဖ)ဦးဗိုလ်ရဲခိုင်[၁၀/ရမန(နိုင်)၁၅၈၀၄၀]၏သား မောင်ရဲရင့်ဇော်အား မောင်ဉာဏ်ရှင်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဉာဏ်ရှင်းအောင်**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် (အနောက်ပိုင်း)၊ (၁၀) ရပ်ကွက်၊ တောင်တွင်းကြီးလမ်း၊ အမှတ်(၃၀၂/က)ဟုခေါ်တွင်သော (အလျား ၁၈ ပေ x အနံ ၄၀ ပေ)ရှိ တစ်ထပ်တိုက်နေအိမ်နှင့် နေအိမ်တည်ရှိရာရှိ (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိမြေကွက်အား (၂၇–၄–၂၀၂၄)ရက်စွဲပါစာချုပ်အရ မိခင်ဖြစ်သူ ဒေါ်အေးသန်းမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ မနန်းဇင်နွယ်ကျော် [၁၂/လသယ(နိုင်)၀၆၈၇၈၂]အား အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးစိန်း (B.A, R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၀၄၈)**
**တိုက်(၇၂/၈၄)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၈၈၃၆၁၆၂၉၇၊ ၀၉–၆၈၄၀၇၃၀၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ခ ရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–၄၀၈/အေ၊ မြေကွက်အမှတ်– ၃၈၆၊ (အလျားx အနံ)(၄၀'x၆၀')၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်ကို မြေအမည်ပေါက် **ဒေါ်ပြုံးပြုံး**၏ သားသမီးများဖြစ်သော **ဒေါ်စန္ဒာအေး၊ ဒေါ်သန္တာအေး၊ ဦးရဲသူရ၊ ဦးမျိုးသူရ၊ ဦးသိန်းစိုးဦး**တို့မှ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည်ဟု ဝန်ခံပြောဆို၍ **ဒေါ်စန္ဒာအေး+၄ဦး** [၁၂/အစန(နိုင်)၀၇၅၃၇၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ချို ( LL.B )**
**တရားလွှတ်တော်ရှေ့နေ( စဉ်– ၉၁၁၃)**
**အမှတ်– ၂၄၆၊ ၅ လမ်း၊ ၁/က ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၀၅၂၁၄၇၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၄၉)၊ အကျယ်အဝန်း ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်စိုးစိုးမာ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယု(၄)လမ်း၊ အမှတ်(၅၄၉)ဟုခေါ်တွင်သည့် မြေကွက်နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၅၀)၊ အကျယ်အဝန်း ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်စိုးစိုးမာ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယု(၄)လမ်း၊ အမှတ်(၅၅၀)ဟုခေါ်တွင်သည့် မြေကွက်တို့ပေါ်ရှိ ရေမီး၊ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်စိုးစိုးမာ [၇/လပတ(နိုင်)၁၃၂၄၃၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်ဝါဝါခိုင်စိုး (LL.B, LL.M ) အထက်တန်းရှေ့နေ(စဉ်–၅၃၅၄၅)**
**အမှတ်(၂၇/၂၉)၊ တတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၆၉၇၃၃၁၃၅၅၊ ၀၉–၄၂၀၇၈၆၉၉၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၁၇) ရပ်ကွက်၊ မြေကွက်အမှတ်– (၅၃၀) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ (၄၀) × (၆၀) ရှိ ဦးညွန့်တင်အမည်ပေါက်ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိမိငယ် (၁၂/သဃက (နိုင်) ၀၀၀၆၅၄) ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်မှပေးချေပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်ပြုလုပ်မှုအတွက် ကန့်ကွက်လိုပါက ခိုင်လုံသည့်စာရွက်စာတမ်းများဖြင့် ကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဆက်သွယ်ရန် – ဦးသန်းထွဋ် (အမှတ် –၆၂/ ညီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) ဖုန်း – ၀၉–၇၇၇၇၇၇၅၅၃

## "ကုန်ပစ္စည်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း "

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ Ground(8)တွင် တည်ရှိသော FRESH & GREEN INTERNATIONAL MANUFACTURING COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် – (၁၀၂၀၁၄၄၇၂) သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မှုပိုင်ရှင်ဖြစ်ပါသည်–

Choco Chit

**မှတ်ပုံတင်စာချုပ်အမှတ်– ၂၆၈၆ /၂၀၂၄ (နေ့စွဲ – ၂၀–၃–၂၀၂၄)**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားအား အရသာထူးခြားကောင်းမွန်သော ချောကလက်အမျိုးမျိုးတို့ကို မိမိတို့ကိုယ်တိုင် ထုတ်လုပ်၍ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်၍ ရောင်းချခြင်း၊ Online မှတစ်ဆင့် ရောင်းချပေးခြင်းများတို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုင်းမြင်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မှိုင်းမြင်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**FRESH & GREEN INTERNATIONAL MANUFACTURING COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ဟေမာနှင်းဦး (LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ် – ၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်–၅၁၄၆၉)** |

**အမှတ် (၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၉၈၉၄၂၊ ၀၉–၇၉၅၉၂၁၉၃၂**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Computer(Desktop, Laptop)/LED | ၂၁ စုံ/၂၃ လုံး/၁ စုံ |
| (ခ) | Printer(Laser/ Production/DU) | ၁၆/၁/၁ လုံး |
| (ဂ) | Copier/Copier Drawing/ Counting Machine | ၁၆/၂/၃ လုံး |
| (ဃ) | ယာဉ်မောင်းအင်္ကျီ ဘောင်းဘီ/လုပ်သားမိုးကာ/ လုပ်သားအင်္ကျီဘောင်းဘီ | ၁၂၀၀ စုံ/၄၀၀၀ ထည်/၆၀၀၀ စုံ |
| (င) | အနံ့အသက်ပျောက်ဆေး/အမှိုက်ပုံး | ၁၆၀၀ အိတ်/၅၀၀ ပုံး |
| (စ) | အမှိုက်သိမ်းယာဉ်စက်အရံပစ္စည်း | 2 Lots |
| (ဆ) | ထင်း(လောင်စာ)/ကျောက်မီးသွေး | ၂၄၀၀ လံ/၂၇ တန် |
| (ဇ) | Filter Media Sand/ Catalytic Media Filter | ၁၃၈ ကျင်း/၁၈၆၀ အိတ် |
| (ဈ) | Catalyst 9500 Switch/ Sever/10 KVA Online UPS | ၂လုံး/၁ လုံး/ 1 LOT |
| (ည) | 710 KW Motor & Pump | ၁ စုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၅-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ဖော်ပြပါပစ္စည်းများအနက် အမှတ်စဉ် (က မှ ဈ အထိ)ပါ ပစ္စည်းများကို ၁၇-၅-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီနှင့် အမှတ်စဉ် (ည)ပါ ပစ္စည်းများကို ၂၄-၅-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၄)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၁၂၅)၊ ၅ ထပ်တိုက်၏ ရင်ခွဲအခန်းကျယ် (၁၉x၅၄)ပေရှိ ဒုတိယထပ် ခေါင်းရင်းခန်းနှင့် ခြေရင်းခန်းကို ယခုလက်ဝယ် ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်မြတ်မြတ်ဝေ [၁၂/သဃက(နိုင်) ဝ၇၂၃၅၆]ထံမှ ကျွန်ုပ်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ ထိုအခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

**ဒေါ်ပွင့်ဖြူအောင်**
**[၁၂/သဃက(နိုင်)၁၅၂၂၈၉]**
**Ph: 09-450045546**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ကမ္ဘောဇ(၂)လမ်း၊ အမှတ်(၁၀၉၈/က)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၁၃၃)၊ မြေကွက်အမှတ်(၁၀၉၈/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဒေါ်တင် တင်ညို [၁၂/တမန(နိုင်)၀၅၈၈၇၉] အမည်ပေါက် ပါမစ်မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်ကြီး၏ ခြေရင်းဘက်အခြမ်း (မြေကွက် အား မျက်နှာမူကြည့်လျှင် ညာဘက်အခြမ်း)ရှိ အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရပ်ကတိ အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးအောင်ငွေးမင်း [၁၄/အဂပ(နိုင်)၁၅၉၂၉၃]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲလွင်ထွန်း [၁၂/ဥကတ(နိုင်)၁၇၇၈၂၈]က အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

